မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၂၇ ရက်၊ စနေနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၆၅]

ဝိရိယနှင့် ဆန္ဒအကျိုး

ဝိရိယဝတော ကိ နာမ ကမ္မံ နာ သိဒ္ဓေတိ။

ဝိရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

ဆန္ဒဝတော ကိ နာမ ကမ္မံ နာ သိဒ္ဓေတိ။

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋ္ဌိ၊ ၃၊ ၁၆၉။)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အကြီးပေးနာယက(၁)ဒေါက်တာသန်းဦးအား ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်

"ဆရာကြီးသည် မြန်မာနိုင်ငံစာတတ်မြောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူးအဖြစ် ၁၉၆၄ ခုနှစ်တွင် စတင်ထမ်းဆောင်ခဲ့ပြီး 'အ' သုံးလုံး စီမံချက်အပါအဝင် မြန်မာနိုင်ငံစာတတ်မြောက်ရေး ကြိုးပမ်းလုပ်ရှားမှုများတွင် အဓိကနေရာက ပါဝင်ခဲ့သူဖြစ်"

စာမျက်နှာ-၈

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ပုံဖော်သည့်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲဖြင့် မြန်မာအမျိုးသမီးများ၏အလှကို ဖော်ထုတ်မည်

ရန်ကုန် ဇွန် ၂၆

သတင်း - ခင်ရတနာ၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

နုနယ်ပျိုမျစ်သည့် အမျိုးသမီးငယ်လေးများ စင်မြင့်ထက်တွင် နေရာယူသည့်အခါ လာရောက်ကြည့်ရှုသူများထံမှ လက်ခုပ်သံများ မြည်ဟိန်းထွက်ပေါ်လာသည်။ မြန်မာတို့၏ ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုသမိုင်းသည် အလွန်အဆင့်အတန်းမြင့်မားခဲ့သည့်နည်းတူ သစ်လွင်ဆန်းသစ်သည့် မြန်မာ့တိုင်းရင်းသားရိုးရာ ဝတ်ဆင်မှုများသည် လာရောက်ကြည့်ရှုသူများ၏ ရင်ကိုအေးမြစေသည်။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့.ကကျင်းပသော အမျိုးသမီးဝတ်စားဆင်ယင်မှုပြပွဲကို ရန်ကုန်မြို့. မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဇွန် ၂၇နှင့် ၂၈ ရက် ညနေ ၆ နာရီတွင် ပြသမည်ဖြစ်ပြီး ယနေ့မွန်းလွဲ ၁ နာရီက တက္ကသိုလ်ကျောင်းများနှင့် အခြေခံပညာကျောင်းများမှ အမျိုးသမီးငယ်လေးများ အပါအဝင် အဖွဲ့.အစည်းအသီးသီးမှ

စာမျက်နှာ ၇ ကော်လံ ၁ *

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်ခြင်း

ဆောင်းပါး စာ-၆

မန္တလေးမြို့တွင် ဆောက်လုပ်ဆဲအဆောက်အအုံမှ ငြမ်းပြိုကျမှုကြောင့် သံငြမ်းအသုံးပြုသည့် နည်းပညာ လိုအပ်လာဟုဆို

စာ-၁၆

မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ ဓနရောင်ကာ ပစ္စည်းမရှိ

ဓနုဖြူ(ဓနရဲဝင်း)

ကျွန်တော်က ဓနုဖြူက 'မျိုးဇော်ဗိုလ် မင်္ဂလာဆိုင်း'အဖွဲ့.နဲ့. နွေဘက်မှာ သီချင်းလိုက်ဆိုလေ့ရှိတဲ့ အဆိုတော်တစ်ယောက်ပါ။ ဆလိုက်မီးရောင်စုံတွေအောက်မှာ မိတ်ကပ်လိမ်းပြီး သီချင်းဆိုရတာလောက် စိတ်ပျက်စရာကောင်းတာ မရှိတော့ပါဘူး။ မိတ်ကပ်လိမ်းတာ တစ်ဘူးတောင်မကုန်သေးဘူး ကျွန်တော့်မျက်နှာမှာ အမည်းကွက်တွေ ဟိုတစ်စ ဒီတစ်စ ပေါ်လာပါရော။ ကျွန်တော်ဘာလုပ်လို့.လုပ်ရမှန်း မသိတော့ဘူး။ မိတ်ကပ်တွေလည်း ဆက်မလိမ်းရဲတော့ဘူး။ မိတ်ကပ်မလိမ်းဘဲ မီးရောင်အောက်မှာ သီချင်းဆိုဖို့.ကလည်း မျက်နှာက ပြောင်ချော်ချော်ကြီးဖြစ်နေပြန်ရော။ နောက်ဆုံးတော့ ဒီဒုက္ခတွေက ကင်းဝေးလို့. ကျွန်တော့်မျက်နှာဟာ အမည်းကွက်တွေပျောက်ကင်းပြီး အရမ်းကိုဖွေးလက်သွားပါတော့တယ်။ တကယ့်ကို အံ့သြစရာပါပဲ။ ရွှေပြည်နန်း (သဘာဝအသားဖြူသနပ်ခါး)ကြောင့်ပါပဲ။ ပြောမယုံ ကြဲ့ဘူးမှသိ ဆိုသလို ပြောတာမယုံရင် အညွှန်းအတိုင်းသုံးစွဲကြည့်လိုက်ပါ။ ကျွန်တော်က တော့. လက်တွေ့.သုံးစွဲကြည့်လို့.ယုံလိုက်ပါပြီ။

ဓနုဖြူ(ဓနရဲဝင်း)၊ ဥယျာဉ်ဓရာင်းကျားရွာ၊ ဓနုဖြူမြို့.နယ်၊ဧရာဝတီတိုင်း။

ထပ်ဆင့်ထောက်စံအပ်ပါသည်။ ။မျိုးဇော်မိုလ် (မျိုးဇော်မိုလ်မင်္ဂလာဆိုင်းအဖွဲ့.) နာရီစင်လမ်း၊ ဓနုဖြူမြို့.။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့.ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်.သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့.ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြို့ငယ်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့.နယ်၊ ရန်ကုန်မြို့.သို့. လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖီတင်ခေါ်အပ်ပါသည်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မျိုးကောင်းစပါး တို့အားထား

ယနေ့ကမ္ဘာ့လူဦးရေ သန်းခုနစ်ထောင်ရှိသည့်အနက် ၅၀ ရာခိုင်နှုန်းသည် ဆန်ကို အဓိကစားသုံးနေကြသူများ ဖြစ်ပါသည်။ အာရှနှင့်ပစိဖိတ်ဒေသတွင် ဆန်စပါးကို လူဦးရေ ၉၀ ရာခိုင်နှုန်း စားသုံးနေကြပါသည်။ ကမ္ဘာ့လူဦးရေသည် စဉ်ဆက်မပြတ် တိုးတက်လျက်ရှိရာ ၂၀၂၅ ခုနှစ်အရောက်တွင် လူဦးရေ သန်းတစ်သောင်းအထိ ရောက်ရှိလာနိုင်ကြောင်း ပညာရှင်တို့က ခန့်မှန်းတွက်ချက်ထားပါသည်။ တိုးတက်လာသော လူဦးရေနှင့်အညီ စားနပ်ရိက္ခာကိုလည်း မြှင့်တင်ထုတ်လုပ်သွားရန် လိုအပ်လာပြီဖြစ်ပါသည်။ အထူးသဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သော နိုင်ငံများက စိုက်ပျိုးထုတ်လုပ်မှုအဝိုင်းကို မြှင့်တင်ကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရေးအတွက် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ အစီအမံကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ဤအစီအမံသည်ကား မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကို ၂၀၃၀ ပြည့်နှစ်တွင်ဟက်တာ ၇ ဒသမ ၇ သန်း (၈က ၁၉ သန်း) စိုက်ပျိုးပြီး အထွက်နှုန်းတစ်ဟက်တာလျှင် ၄ ဒသမ ၁ မက်ထရစ်တန်ထွက်ရှိအောင် ဆောင်ရွက်နိုင်ရန်နှင့် ပြည်တွင်းစားသုံးမှုအတွက် မက်ထရစ်တန် ၉ ဒသမ ၉ သန်းနှင့် ပြည်ပတင်ပို့ရန် မက်ထရစ်တန် ၆ သန်း စုစုပေါင်း ဆန်မက်ထရစ်တန် ၁၇ ဒသမ ၇ သန်း ထွက်ရှိရန် မျှော်မှန်း ရေးဆွဲထားပါသည်။

ဤရည်မှန်းချက်ကို ဖြည့်ဆည်းပေးနိုင်ရန် မျိုးကောင်းစပါး၊ တစ်နည်းအားဖြင့် အထွက်နှုန်းကောင်းစပါးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရန် အထူးပင် လိုအပ်ပါသည်။ ထို့ကြောင့်လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တစ်ဧက တင်း ၂၀၀ ကျော်ထွက်နိုင်သည့် ပုလဲသွယ်စပါးကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်ကြရန် တောင်သူများအား တိုက်တွန်းလျက်ရှိပါသည်။

ယခုနှစ်မိုးရာသီအတွက် အရည်အသွေးအာမခံ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ဧက ၁၇၈၀၀၀ စာ ထုတ်လုပ်နိုင်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးရုံးများမှတစ်ဆင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ထွက်ရှိလာသော ပုလဲသွယ်စပါးများကိုလည်း အများပိုင်ဆန်စပါးကုမ္ဍဏီများက တင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းခွဲဖြင့် အနိမ့်ဆုံးထား ဝယ်ယူရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ဤအတိုင်းအတာဆိုလျှင် တစ်ဧက တင်း ၂၀၀ ကျော်ထွက်မည်ဆိုပါက တစ်ဧကငွေကျပ် ကိုးသိန်းကျော် ၁၀ သိန်းနီးပါး ရရှိနိုင်သည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။ သို့သော် အနည်းဆုံးငွေကျပ်လေးသိန်းခန့် အသားတင်အမြတ် ရရှိနိုင်သည်ဟု ပညာရှင်တို့က ခန့်မှန်းတွက်ချက်ထားပါသည်။ ပုလဲသွယ်စပါးစိုက်ပျိုးရာတွင် အဓိကအားဖြင့် သတ်မှတ်ထားသော သီပွဲနည်းကျ စိုက်ပျိုးရေးနှင့် သွင်းအားစုမှန်ကန်ရေးသည် အရေးအကြီးဆုံး ဖြစ်ပါသည်။ စပါးမျိုးကလည်း ကောင်း၊ စိုက်စနစ်ကလည်း မှန်၊ ရာသီဥတုမျှတပြီး သွင်းအားစုလည်း မှန်ကန်မည်ဆိုပါက မျှော်မှန်းထားသည့်အတိုင်း ပုလဲသွယ်စပါးသည် အမှန်တကယ် အထွက်နှုန်းကောင်းရန် သေချာနေပါသည်။ သို့ပါ၍ အထွက်နှုန်းကောင်းစပါးဖြစ်သည့် ပုလဲသွယ်စပါးကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အခြေခံမဲဆန္ဒရှင်များ အမည်စာရင်းကြေညာ

သီပေါ ဇွန် ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ရပ်ကွက် (၁၁) ရပ်ကွက်၊ ကျေးရွာအုပ်စု(၆၇) အုပ်စုရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၊ ရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခြေခံမဲစာရင်းပုံစံ(၁)နှင့် မဲစာရင်းဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များ၊ ဗီနိုင်းများဖြန့်ဝေပေးခဲ့ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အခြေခံမဲဆန္ဒရှင် ၁၁၄၂၀ဦး၏ အမည်စာရင်းများကို ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိ ထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များသည် ဇွန် ၂၂ ရက် မှစ၍ မြို့ပေါ် ၁၁ရပ်ကွက်နှင့်မြို့အနောက်ခြမ်းကျေးရွာ ခုနစ်ရွာနှင့် အရှေ့တောင်ခြမ်းဒေသ နမ့်လန်ကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၁၀ရွာသို့ ကွင်းဆင်းသွားရောက်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအား ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန်ချက်များကို သေချာစွာ ဖတ်ရှုလေ့လာကာ တိတိကျကျ လိုက်နာ ဆောင်ရွက်သွားကြရန်၊ အခြေခံ မဲဆန္ဒရှင် စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာ အုပ်စုများ၊ ကျေးရွာခွဲများတွင် အများပြည်သူမြင်သာသည့် နေရာများ၌ သတ်မှတ်ချိန်အတိုင်း ကပ်ထားကြေညာရန်၊ ကြေညာထားသောစာရင်းများ မိုးရေစိုမှုမရှိစေရေးနှင့် မသမာသူများ၏ ပျက်စီးမှုမရှိစေရန် လုံခြုံထားရှိ သတိပြုရန်၊ စာရင်းကို ပြုပြင်ရန်၊ ပယ်ဖျက်ရန်နှင့် ဖြည့်စွက်ရန်ရှိပါက ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက စိစစ်၍ လိုအပ်သည့်ပုံစံများ ထုတ်ပေးပြီး ၁၄ရက်အတွင်း ပြန်လည်လျှောက်ထားစေရန် အသိပေး နှိုးဆော်ရမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးက ကြိုတွေ့လာနိုင်သည့် လုပ်ငန်းအခက်အခဲများနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားသင့်သည့် ကိစ္စရပ်များ၊ ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ရပ်ကွက်/ကျေး ကော်မရှင်အဖွဲ့ခွဲများ၏မေးမြန်းသည်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

စိုင်း(သီပေါ)



ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ကွင်းဆင်းစစ်ဆေး

မန်စီ ဇွန် ၂၆

ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့်မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို မန်စီမြို့နယ် မြို့တော်ခန်းမ၌ ဇွန် ၂၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဗန်းမော်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးကျော်ထူးက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို ဆွေးနွေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၂၆-၆-၂၀၁၅

ရွှေစျေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၃၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၂၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၃၅၅၀၀

စက်သုံးဆီစျေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၇၀၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၇၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၄၀

သားငါးနှင့်ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၁၀
ဥရောပ	တစ်ယူရို	၁၂၄၀.၅
စင်ကာပူ	တစ်ဒေါ်လာ	၈၂၈.၂၀
ထိုင်း	တစ်ဘတ်	၃၂.၈၈
အိန္ဒိယ	တစ်ရူပီး	၁၇.၄၅
တရုတ်	တစ်ယွမ်	၁၇၈.၈၄
မလေးရှား	တစ်ရင်းဂစ်	၂၉၆

ခင်ရတနာ-စုစည်းသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား လျှို့ဝှက်ဆန္ဒမဲပေးဆုံးဖြတ်မှု ရာခိုင်နှုန်းတွက်ချက်မှု ပြင်ဆင်ဖော်ပြခြင်း

နေပြည်တော် ဇွန် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ လျှို့ဝှက်ဆန္ဒမဲပေးဆုံးဖြတ်မှုအခြေအနေကို ဇွန်လ ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများတွင် ဇယား/ ဂရပ်တို့ဖြင့် ဖော်ပြခဲ့ပါသည်။

ထိုသို့ဖော်ပြခဲ့ရာတွင် မဲပေးဆုံးဖြတ်မှုရာခိုင်နှုန်းအား တက်ရောက်ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ် (၅၈၃) ဦးအပေါ်မူတည်၍ ထောက်ခံမဲနှင့် ကန့်ကွက်မဲရာခိုင်နှုန်းများကို ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပုဒ်မ ၄၃၆ (က) တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ အထိ၊ အခန်း (၂) ပုဒ်မ ၄၉ မှ ၅၆ အထိ၊ အခန်း(၃) ပုဒ်မ ၅၇၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅) ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၂၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀မှ ၄၃၂ ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟု ဖော်ပြထားရှိပါသည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပုဒ်မ ၄၃၆ (က)အရ လွှတ်တော်ကိုယ်စားလှယ် ရှိရင်းအင်အားဖြစ်သော (၆၃၃) ဦးအပေါ်မူတည်၍ မဲပေးခဲ့မှုရာခိုင်နှုန်းကို အောက်ပါအတိုင်း ပြင်ဆင်ဖော်ပြအပ်ပါသည်-

စဉ်	ပုဒ်မ	လွှတ်တော်ကိုယ်စားလှယ်		ထောက်ခံမဲ		မှတ်ချက်
		ရှိရင်း	တက်ရောက်	အရေအတွက်	ရာခိုင်နှုန်း	
၁	၅၉(ယ)	၆၃၃	၅၈၃	၅၅၆	၈၃ . ၈၃၅	ပြင်ဆင်ရေး ဆက်လက်ဆောင်ရွက်ရန် အတည်ပြု
၂	၅၉(စ)	၆၃၃	၅၈၃	၃၇၁	၅၈. ၆၀၉	ပြင်ဆင်မှုအတွက် အတည်မပြု
၃	၆၀(ဂ)	၆၃၃	၅၈၃	၃၈၆	၆၀. ၉၇၉	ပြင်ဆင်မှုအတွက် အတည်မပြု
၄	၄၁၈(ခ)	၆၃၃	၅၈၃	၃၈၆	၆၀. ၉၇၉	ပြင်ဆင်မှုအတွက် အတည်မပြု
၅	၄၃၆(က)	၆၃၃	၅၈၃	၃၈၈	၆၁. ၂၉၅	ပြင်ဆင်မှုအတွက် အတည်မပြု
၆	၄၃၆(ခ)	၆၃၃	၅၈၃	၃၈၈	၆၁. ၂၉၅	ပြင်ဆင်မှုအတွက် အတည်မပြု

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၆ ရက်ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများတွင်ဖော်ပြခဲ့သော "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လျှို့ဝှက်ဆန္ဒမဲပေးဆုံးဖြတ်မှုအခြေအနေ" ခေါင်းစဉ်ပါဇယားနှင့် ပြည်ထောင်စုလွှတ်တော်သတင်းတို့တွင် ပုဒ်မ ၅၉(စ)အတွက် မဲခွဲဆုံးဖြတ်မှု၌ **ထောက်ခံမဲ (၃၂၁)မဲ** ဖော်ပြခဲ့မှုအစား **ထောက်ခံမဲ(၃၇၁)မဲ** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

ဆက်လက်ကျင်းပသွားမည့် ခရိုင်အဆင့် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နိုးနှောဖလှယ်ပွဲများ၌ အကြံဉာဏ်များပေးနိုင်

၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးနိုးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ကို နေပြည်တော်အားကစားရွာ (Gold Camp) တွင် ဇွန်လ ၂၅ ရက်နှင့် ၂၆ ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် မူလတန်းအဆင့် ကျောင်းသုံးစာအုပ်များ ရေးသားပြုစုခြင်း၊ အခြေခံပညာ သင်ရိုးညွှန်းတမ်းကို ထိရောက်စွာအကောင်အထည်ဖော်ရေး၊ သူငယ်တန်းပညာရေးကို သင်ရိုးသစ်ဖြင့် အကောင်အထည်ဖော်ရေးတို့အတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အကြံပေးနာယကဆရာကြီး ဒေါက်တာဦးသန်းဦး၊ သင်ရိုးညွှန်းတမ်းအကြံပေးပညာရှင် ဒေါက်တာဝင်းအောင်၊ ဒေါက်တာမြင့်သိန်းနှင့် အကြံပေးအဖွဲ့ပညာရှင်များ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

ထို့အပြင် နည်းပညာနှင့်သက်မွေးပညာရေးဥပဒေ(မူကြမ်း)၊ ပုဂ္ဂလိကပညာရေး ဥပဒေ(မူကြမ်း)၊ အခြေခံပညာရေးဥပဒေ(မူကြမ်း)၊ အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး၊ အနှစ် ၂၀ နှစ်ရှည်စီမံကိန်း(မူကြမ်း)၊ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်(မူကြမ်း)များကိုချပြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review-CESR) အပေါ် မူတည်ရေးဆွဲထားသော ပညာရေးမူဝါဒ၊ ပညာရေးဥပဒေများနှင့် ပညာရေး စီမံကိန်းတို့ကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ပညာရေးမြှင့်တင်မှုအတွက် အောက်ပါလိုအပ်သော အချက်များကို ၂၀၁၅ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးစိုက်ရာ ခရိုင်များတွင် တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ပါသည်-

(က) သန်းခေါင်စာရင်းအရ ဒေသလူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအမြင်ဖြင့် မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့် ပညာလိုအပ်ချက်များ၊

(ခ) Drop Out များအတွက် ကျောင်းပြင်ပပညာရေး၊သက်မွေးပညာရေးလိုအပ်ချက်များ၊

(ဂ) ကျောင်း၊ အခြေခံအဆောက်အအုံသင်ထောက်ကူနှင့်ဆရာလိုအပ်ချက်များအား Costed Plan နှင့် ကိုက်ညီစီမံနိုင်ရန် လိုအပ်ချက်များ၊

(ဃ) ဆက်စပ်ဥပဒေများဖြစ်သည့် အခြေခံပညာရေးဥပဒေ၊ နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ၊ ပုဂ္ဂလိက ပညာရေးဥပဒေများနှင့်စပ်လျဉ်း၍ အကြံပြုလိုသည့်အချက်များ၊

(င) စာမေးပွဲစနစ်၊ ကျောင်းဝင်ခွင့်စနစ်နှင့်မိဘဆရာအသင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကြံပြုလိုသည့် အချက်များ၊

သို့ပါ၍ ဆက်လက်ဆောင်ရွက်မည့်ခရိုင်အဆင့် ဆွေးနွေးပွဲများတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် စာပေယဉ်ကျေးမှုအဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ ဆရာ၊ မိဘ၊ ကျောင်းသားကိုယ်စားလှယ်များတက်ရောက်လျက် အကြံပြုဆွေးနွေးနိုင်ကြောင်းကို ပညာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ပညာရေးမူဝါဒ၊ ပညာရေးဥပဒေများနှင့်ပညာရေးစီမံကိန်းတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးမြှင့်တင်မှုဆိုင်ရာဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးစိုက်ရာခရိုင်များတွင် တစ်ပြိုင်တည်းကျင်းပသွားမည်ဖြစ်သဖြင့် ဒေသခံအဖွဲ့အစည်းများ တက်ရောက်ဆွေးနွေးအကြံပြုနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန

ယဉ်ကျေးမှုတာဝန်ကျေပွန်သူများအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဇွန် ၂၆

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ယဉ်ကျေးမှုတာဝန်ကျေပွန်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ဆင်ရွှာမှ ကျောက်စာ၊ စောလူးမင်းကျောက်စာ၊ မြနဒီကျောက်စာအပါအဝင် ရှေးဟောင်းကျောက်စာများမှ ပုဂံခေတ်မတိုင်မီ ကာလဆိုင်ရာ သုတေသနပြု တွေ့ရှိချက်များဆွေးနွေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘောဇ ရိပ်သာ ချင်းချောင်းနန်းတော်၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ယဉ်ကျေးမှုအမွေအနှစ်များ၏တန်ဖိုးနှင့် တစ်မျိုးသားလုံးဂုဏ်ယူမြတ်နိုးရမည့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များအကြောင်း၊ ရှေးဟောင်းသုတေသနပညာနှင့် ပတ်သက်၍ ဆောင်းပါးများရေးသားကာ အများပြည်သူသို့ အသိပညာဖြန့်ဝေခဲ့သော စာရေးဆရာမောင်သာ (ရှေးဟောင်းသုတေသန) နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ဝန်ထမ်းများအပါအဝင် မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်း မျှဝေသင်ကြားပေးခဲ့သော ပျူကျောက်စာ ပညာရှင် ဦးစိန်ဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဥပဒေရေးရာ ဆောင်းပါးများရေးသား၍ အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့သော ဥပဒေအကြံပေး ဦးဟန်ညွှန့် ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)(**အပေါ်ပုံ**)၊ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ရွာငံမြို့နယ် ကမ်းပါးနီကျောက်နံရံ ပန်းချီကိုတွေ့ရှိပြီး တာဝန်သိသိ သတင်းပေးပို့ခဲ့သူ မြစ်သားမြို့နယ် တောတွင်းကျေးရွာနေ ဦးဝင်းဘို၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆင်ရွှာမှ ရှေးဟောင်းပျူကျောက်စာတွေ့ရှိသူ ဦးထူး (တောင်သူ၊ ဆင်ရွှာ) တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ ပေတောကျောင်းတိုက်အတွင်းမှ တွေ့ရှိရသော စောလူးမင်းကျောက်စာ၊ သာစည်မြို့နယ် ဆင်ရွှာမှတွေ့ရှိရသော ရှေးဟောင်းပျူကျောက်စာ၊ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ ရေမုဒ္ဓောဘုရားဝင်းအတွင်း ထိန်းသိမ်းထားသော မြနဒီပျူကျောက်စာများကို အခြေခံကာ ပုဂံခေတ် မတိုင်မီ အစောပိုင်းကာလဆိုင်ရာ သုတေသနပြု ဖော်ထုတ်တွေ့ရှိချက်များနှင့် ပတ်သက်သည့်ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

ခင်ရတနာ

❍ *ကျောဖုံးမှ*

ပန်ကြူရေတံခွန်မှ အဓိကရရှိခြင်းဖြစ်သည်။

ထို့ကြောင့် သစ်တောဦးစီးဌာန အနေဖြင့် သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် ကြီးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ဖွဲ့စည်းထိန်းသိမ်းရန် ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်သစ်တောဦးစီးဌာနမှ သိရှိရသည်။

ပန်ကြူရေတံခွန် ရေဝေရေလဲ ဧရိယာတွင် ဒေသခံဝန်ထမ်းများနှင့် ဒေသအစီအစဉ်ဖြင့် ၂၀၁၄ခုနှစ် မိုးရာသီတွင် စိုက်ခင်း ၁၀ ဧကတည်ထောင်ခဲ့သည်။ ၂၀၁၅ ခုနှစ် မိုးရာသီတွင် ရေဝေရေလဲစိုက်ခင်း ဧက ၁၀၀ တည်ထောင်ရန် ရေထွက်ဦးနှင့် ရေဝေရေလဲဆပ်ကော်မတီကို ဖွဲ့စည်းကာ ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုနှစ် ဇွန်လအတွင်း ရန်ကုန်မြို့မှ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်းမှ ပညာရှင်များ၊ Royal Tree Service Co; Ltd မှတာဝန်ရှိသူများ ဖိတ်ကြား၍ ဒေသခံပြည်သူများအား ပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် လွှိုင်မွေဆောက်လုပ်ရေးကော်မတီမှ တာဝန်ရှိသူများက ဇွန် ၂၄ ရက်တွင် ပန်ကြူ ရေဝေရေလဲ တည်ထောင်မည့် ဒေသသို့သွားရောက်ပြီး လမ်းဖောက်လုပ်ရေး၊ သစ်တောပျိုး ဥယျာဉ်ခြံနှင့် သစ်တော ထိန်းသိမ်းရေးအဆောင် တည်ဆောက်ရေး၊ ရေကန်များတည်ဆောက်ရန်နေရာ ရွေးချယ်ရေးတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။ သစ်တောဦးစီးဌာနအနေဖြင့်လည်း ရေအရင်းအမြစ်များ တိုးပွားရေးအတွက် ပျိုးပင်များပျိုးထောင်ပြီး အခမဲ့ဖြန့်ဝေခြင်း၊ နည်းစနစ်ပိုင်းလိုက်ပါ ကူညီဆောင်ရွက် ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

မောင်ဆွေငြိမ်း

ပြင်သစ်ရှိ အမေရိကန်ဓာတ်ငွေ့ကုမ္ပဏီတိုက်ခိုက်ခံရပြီး တစ်ဦးသေဆုံး

လီယွန် ဇွန် ၂၆

တိုက်ခိုက်သူနှစ်ဦးက ကားတစ်စီးဖြင့် အဆောက်အအုံတစ်ခုအတွင်းသို့ တရကြမ်းဝင်တိုက်ရာ ဓာတ်ငွေ့အိုးများ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အဆိုပါဖြစ်ရပ်ဖြစ်ပွားသည့် ပြင်သစ်နိုင်ငံအရှေ့တောင်ပိုင်းရှိ အမေရိကန်ပိုင်ဓာတ်ငွေ့ကုမ္ပဏီ၌ အဖြတ်ခံထားရသော လူဦးခေါင်းတစ်လုံးကို အာရပ်စာများနှင့်အတူ တွေ့ရှိရကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်နှင့် ပြင်သစ်မီဒီယာများက ယနေ့ဖော်ပြကြသည်။

အစ္စလာမ္မစ်စစ်သွေးကြွများ၏ လက္ခဏာတစ်ရပ်ဖြစ်သော အဆိုပါတိုက်ခိုက်မှုအတွင်း တစ်ဦးသတ်ဖြတ်ခံရကာ အခြားတစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။

စနစ်တကျစီမံဆောင်ရွက်ခဲ့ဖွယ်ရှိသည့် အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အကြမ်းဖက်မှုနှိမ်နင်းရေးအဖွဲ့များကို ဖြန့်ခွဲတာဝန်ချထားကြောင်း ပြင်သစ်ပြည်သူ့ဥပဒေအကျိုးဆောင်က ပြောကြားသည်။

အခင်းဖြစ်နေရာတွင် ဦးခေါင်းပြတ်တစ်ခုကို အာရပ်စာများပါသည့် အလံတစ်ခုနှင့်အတူ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရဲသတင်းရင်းမြစ်များက ပြောကြားသည်။

ပြင်သစ်သတင်းစာတစ်စောင်၏ အဆိုအရ မသက်သာသူတစ်ဦးကို ဖမ်းဆီးထားပြီဖြစ်ပြီး ပြင်သစ်ထောက်လှမ်းရေးများက သိရှိထားပြီးသူ ဖြစ်သည်ဟုဆိုသည်။ ပြင်သစ်အရှေ့တောင်ပိုင်း လီယွန်မြို့အနီးရှိ အဆိုပါဓာတ်ငွေ့ကုမ္ပဏီကို အမေရိကန်အခြေ စိုက်စက်မှုလုပ်ငန်းဆိုင်ရာ ဓာတ်ငွေ့နည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သည့် အဲပရောဒတ်စ်က ပိုင်ဆိုင်သည်။

ရိုက်တာ

ဆီးရီးယားတွင် ဒုတိယမြောက် အကြီးဆုံး လူအစုအပြုံလိုက် သတ်ဖြတ်မှု အိုက်အက်စ်တို့ ကျူးလွန်

ကိုဘာနီ ဇွန် ၂၆

အိုင်အက်စ်တို့သည် ကိုဘာနီမြို့နှင့် ယင်းမြို့အနီးရှိကျေးရွာ တစ်ရွာတို့ကို တိုက်ခိုက်စဉ် အရပ်သား ၁၄၆ ဦးထက်မနည်းကို သတ်ဖြတ်ခဲ့ရာ ဆီးရီးယားနိုင်ငံအတွင်း ဒုတိယအကြီးမားဆုံး အစုလိုက်အပြုံလိုက် လူသတ်မှုကြီးကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ပဋိပက္ခစောင့်ကြည့်ရေးအဖွဲ့အစည်းတစ်ခုက ယနေ့ပြောကြားသည်။

တူရကီ နယ်စပ်မြို့ဖြစ်သော ကိုဘာနီကို ထိုးဖောက်တိုက်ခိုက်လာသည့် အိုက်အက်စ် တိုက်ခိုက်ရေးသမားများနှင့် ကာဒစ်ရှ်ဝိုင်ပီဂျီ ပြည်သူ့စစ်များအကြား ယမန်နေ့က တိုက်ပွဲများဖြစ်ပွားခဲ့ရာ ယနေ့ဒုတိယမြောက်နေ့အဖြစ် ဆက်လက်တိုက်ခိုက်နေကြောင်း ဆီးရီးယားလူ့အခွင့်ရေး စောင့်ကြည့်လေ့လာရေးအကြီးအကဲ ရာမီအဗ္ဒဒူလ်ရာမန်က ပြောကြားသည်။

အစိုးရ ထိန်းချုပ်ထားရာဒေသဖြစ်သည့် အရှေ့မြောက်ပိုင်းရှိ ဟာဆာကာမြို့ကို အိုက်အက်စ်တို့၏ သီးခြားတိုက်ခိုက်မှုအတွင်း မြို့နေသူ ၆၀၀၀ တို့မှာ ၄၄ဦးတို့၏ အိုးအိမ်များကို ပစ်ကာ ထွက်ပြေးကြရကြောင်း ကုလသမဂ္ဂက ပြောကြားလိုက်ပြီး လူ ၂၀၀၀၀၀ ကျော်တို့မှာ လည်း ထွက်ပြေးရန်ကြိုးပမ်းလာဖွယ်ရှိကြောင်း သတိပေးလျက်ရှိသည်။ **(ရိုက်တာ)**

အလက်စကာတွင် လေ့လာရေးလေယာဉ် ပျက်ကျ၊ လိုက်ပါသူ ကိုးဦးစလုံးသေဆုံး

အလက်စကာ ဇွန် ၂၆

ဟော်လန်-အမေရိက အပျော်စီးလေယာဉ်လိုင်းမှ လေ့လာရေးလေယာဉ်တစ်စင်းအလက်စကာတွင် ကြာသပတေးနေ့က မတော်တဆပျက်ကျခဲ့မှုကြောင့် လေယာဉ်ပေါ်ပါရှိသူ ကိုးဦးစလုံး သေဆုံးသွားကြောင်း ရဲဌာနနှင့် လေကြောင်းကုမ္ပဏီကပြောသည်။ ကြာသပတေးနေ့ နေ့လယ်ပိုင်းက အလက်စကာ အရှေ့တောင်ပိုင်း မြူနှင်းများထူထပ်ရာဒေသ၌ လေယာဉ်မှာ ပျက်ကျသွားခြင်းဖြစ်ပြီး လေယာဉ်ပေါ်ပါသူ ရှစ်ဦးနှင့် လေယာဉ်မောင်းသူတို့ သေဆုံးသွားခြင်းဖြစ်ကြောင်း ပရိမက်လေကြောင်း ကုမ္ပဏီက ဆိုသည်။

သူတို့အတွက် ဆုံးရှုံးမှု၊ နာကျင်မှုများကို ဖော်ပြနိုင်စွမ်းမရှိကြောင်း၊ လေယာဉ်ပေါ်ပါသူများကို အတည်ပြုပြီး လျှင် ၎င်းတို့၏ မိသားစုများကို မကြာမီအချိန်အတွင်း အကြောင်းကြားပေးမည်ဖြစ်ကြောင်း ဌာနအကြီးအကဲဖြစ်သူက ပြောသည်။ လေယာဉ် ပျက်ကျရာနေရာသည် ဆိုးရွားသော ဒေသဖြစ်ပြီး ထိုအချိန်၌ ရာသီဥတုမှာ လေတိုက်နှုန်း အရှိန်မြင့်နေခြင်းဖြစ်ကြောင်း စေတနာ့ဝန်ထမ်းကယ်ဆယ်ရေးသမားတစ်ဦးဖြစ်သူ ခရဇ(စ်)ဂျွန်က အလက်စကာ သတင်းဌာနသို့ ပြောကြားသည်။ လေယာဉ်သည် ကက်ချီကန်မြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၃၀ အကွာ (မိုင် ၂၀)ခန့် အီလာရေကန်အနီးသို့ ပျက်ကျခဲ့သည်ဟု လေကြောင်းအော်ပရေတာ ဟော်လန်-အမေရိက လိုင်းမှပြောသည်။

ကက်ချီကန် နိုင်ငံတကာ လေဆိပ်အနီးအနား အခြေအနေများမှာမူ အုံ့မှိုင်းနေပြီး လေယာဉ်ပျက်ကျချိန်၌ မိုးသည်းထန်နေကြောင်း အမျိုးသားမိုးလေဝသဌာနက ပြောသည်။ ရာသီဥတုဆိုးရွားမှုကြောင့် သေဆုံးသူများအား ကယ်ဆယ်ရေး လုပ်ငန်းများကို သောကြာနေ့တွင် စတင်လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။ လေယာဉ်ပျက်ကျရခြင်းအကြောင်းရင်းကို ချက်ချင်းမသိရသေးပေ။ စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ဖွဲ့ကို စေလွှတ်ထားကြောင်း အမျိုးသားပို့ဆောင်ရေးလုံခြုံရေးဌာနမှ သိရသည်။ **(ရိုက်တာ)**

ဟီရိုရှီးမားတွင် ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးလက်ခံကျင်းပမည်

တိုကျို ဇွန် ၂၆

လာမည့်နှစ်တွင် ဂျပန်အနောက်ပိုင်း ဟီရိုရှီးမား၌ ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးကို လက်ခံ ကျင်းပမည်ဖြစ်ကြောင်း ဂျပန်အစိုးရက သောကြာနေ့က ဆုံးဖြတ်လိုက်သည်။

မေ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် အဓိကနိုင်ငံများ၏ အိုက်(စ်)ရှီးမား အစည်းအဝေးမတိုင်မီ ဂျပန်အရှေ့မြောက်ပိုင်း ဆန်ဒိုင်း၌ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဟီရိုရှီးမားမြို့ကို ရွေးချယ်ရခြင်းအကြောင်းရင်းမှာ ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၅ ခုနှစ် သြဂုတ် ၆ ရက်က အမေရိကန်၏ အဏုမြူဗုံးကြဲ တိုက်ခိုက်ခြင်းခံခဲ့ရသော အကြောင်းတစ်ချက်လည်း ပါဝင်သည်။ ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီး ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတကာမှ ချူကလီးယားလက်နက် ဖျက်သိမ်းရေးနှင့် ချူလက်နက် မပြန့်ပွားရေးတို့ကို တိုက်တွန်း ဆွေးနွေးသွားကြရန် မျှော်လင့်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် သတင်းစကားများ သယ်ယူဆောင်ကြဉ်းပေးရန် စည်းဝေးသော ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးကို ဂျပန်ဟီရိုရှီးမားကို ရွေးချယ်ခြင်းမှာ သင့်တော်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် ၄၄းမြို့သည် အဏုမြူဗုံးကြဲ တိုက်ခိုက်ခံရပြီးနောက် ပြန်လည် တည်ဆောက်ရယူထားခြင်း အမှတ်သင်္ကေတလည်း ဖြစ်ကြောင်း အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်ပြီးနောက် နိုင်ငံခြားရေးဝန်ကြီး ဖူမီအိုကီရှိဒါက ပြောသည်။ **(ကျိုခို)**

မြေထဲပင်လယ် လှေစီးသွားလာသူ ၄၀၀၀၀ အား အီးယူနိုင်ငံများသို့ ခွဲဝေနေရာချထားရန်သဘောတူ

ဘရပ်ဆဲလ် ဇွန် ၂၆

အီတလီနိုင်ငံနှင့် ဂရိနိုင်ငံများသို့ ရောက်ရှိနေသည့် ထောင်ပေါင်းများစွာသော ရွှေ့ပြောင်း နေထိုင်သူများအား ပြန်လည် နေရာချထားရန် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပသော အစည်းအဝေးတွင် အီးယူခေါင်းဆောင်များက သဘောတူလိုက်သည်။

"ရွှေ့ပြောင်းနေထိုင်သူ ၄၀၀၀၀ လောက်ကို လာမည့်နှစ်နှစ်အတွင်း အခြားသော ဥရောပနိုင်ငံတွေမှာ နေရာချထားပေးဖွယ်ရှိပါတယ်" ဟု အီးယူထိပ်သီး ဆွေးနွေးပွဲဥက္ကဋ္ဌ ဒေါ်နယ်တွတ်က ပြောကြားလိုက်သည်။

သို့သော်လည်း အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများအား နိုင်ငံအသီးသီးသို့ ခွဲဝေချထားမည့် အစီအစဉ်မရှိသေးဟု ဆိုသည်။

ဂရိကြွေးမြီ အကျပ်အတည်းသည် အဆိုပါ ထိပ်သီးအစည်းအဝေး၏ အဓိကဆွေးနွေးသည့် အကြောင်းအရာဖြစ်ခဲ့ပြီး ဂရိနိုင်ငံနှင့် နိုင်ငံတကာကြွေးမြီရှင်များ၏ ကြာသပတေးနေ့ ဆွေးနွေးပွဲမှာ လိပ်ခဲတည်းလည်း ဖြစ်ခဲ့ရသည်။

မြေထဲပင်လယ်ကို ဖြတ်ပြီး တရားမဝင် ရွှေ့ပြောင်းလာသည့် လှေစီးသွားလာသူများ၏ ဝန်ထုပ်ဝန်ပိုးကို အီးယူနိုင်ငံများက မျှခံရန် အစောပိုင်းတွင် မစ္စတာတွတ်က တိုက်တွန်း ဆော်သြလိုက်သည်။

ယူအင်နိုင်ဆီအာရ်၏ စာရင်းများအရ ယခုနှစ်အတွင်း ပင်လယ်ကိုဖြတ်ပြီး ရွှေ့ပြောင်းနေထိုင်သူ ဂရိတွင် ၆၃၀၀၀ ရှိပြီး အီတလီ၌ ၆၂၀၀၀ ရှိသည်ဟု ဆိုသည်။

(ရိုက်တာ)

၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅ ။)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၆) တွင်ပါရှိသော "ပြည်ထောင်စုရာထူးဝန် အဖွဲ့တို့ကိုလည်းကောင်း၊" ဆိုသည့် စကားရပ်၏နောက်တွင် "ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများကိုလည်းကောင်း၊" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဉ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဉ) **လွှတ်တော်ရုံး** ဆိုသည်မှာ အမျိုးသားလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုသည်။"

၄။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄။ လွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသောနေ့တွင် လွှတ်တော်၏သက်တမ်းသည်လည်း ကုန်ဆုံးသည်။"

၅။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဉ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဉ) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာလိုသော ပြည်သူများအား ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။"

၆။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)တွင် ပါရှိသော "တရားရုံးတစ်ခုခုက" ဆိုသည့်စကားရပ်ကို "တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုခုက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ တွင် ပါရှိသော "နယ်မြေဒေသခံပြည်သူများနှင့်ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ"ဆိုသည့်စကားရပ်ကို "ဥပဒေနှင့်အညီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၇ မှ ပုဒ်မ ၁၉ အထိ သက်ဆိုင်သော "တာဝန်ထမ်းဆောင်ခြင်း" ဆိုသည့် ခေါင်းစဉ်ကို "တာဝန်ထမ်းဆောင်ခြင်းနှင့် နုတ်ထွက်ခြင်း" ဆိုသည့် ခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၉။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၇။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန်အစည်းအဝေး စတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်။"

၁၀။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၄။ (က) လွှတ်တော်သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့် နေ့ရက်ဖြစ်သည်။
(ခ) လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်။"

၁၁။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၈။ (က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရန် လွှတ်တော်က လွှတ်တော်အခွင့်အရေးကော်မတီ မဖွဲ့စည်းရသေးမီ ဥက္ကဋ္ဌသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ တစ်ရပ်ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။
(ခ) လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးချိန်မှစ၍ ယင်းကော်မတီသည် လွှတ်တော်သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်၍ အတည်ပြုရမည်။"

၁၂။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ တို့တွင် ပါရှိသော "အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း"ဆိုသည့်စကားရပ်များကို "ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၃။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၀ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၀။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်-"

၁၄။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၆၃ နှင့် ပုဒ်မ ၆၆ တို့တွင်ပါရှိသော "အမျိုးသားလွှတ်တော်ရုံး"ဆိုသည့် စကားရပ်များကို "လွှတ်တော်ရုံး" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ
(၂၀၀၈ ခုနှစ်)ကိုပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆။)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကိုပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် အသက် ၁၈ နှစ် ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူတိုင်းကို မဲစာရင်းတွင်ထည့်သွင်းရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို
ပြင်ဆင်သည့်ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇။)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေ ပုဒ်မ ၉ နှင့် ပုဒ်မ ၂၃-က၊ ပုဒ်မခွဲ (၃)တို့ကို ပယ်ဖျက်ရမည်။

၃။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေ ပုဒ်မ ၄၃-က တွင်ပါရှိသော "not exceeding one month's imprisonment, or two hundred rupees fine, or both." ဆိုသည့် စကားရပ်ကို "not exceeding three month's imprisonment, or three hundred thousand kyats fine, or both." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေအား ဇွန် ၂၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅၊ ၁၆၊ ၁၇ တို့တွင် ဖော်ပြသွားမည် ဖြစ်ပါသည်။

(မြန်မာ့အလင်း)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုတိုး

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဘိုးလင်းပြိုင်

ရန်ကုန် ဇွန် ၂၆

၂၀၁၅ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဘိုးလင်းအားကစားပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏကွင်းအတွင်းရှိ Right Track ၌ ဇွန် ၂၃ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အလွတ်တန်း အမျိုးသား/အမျိုးသမီး ထည့်သွင်းကျင်းပခဲ့ရာ အလွတ်တန်း အမျိုးသားပြိုင်ပွဲတွင် ဇေယျာနိုင်က ရမှတ် ၁၁၆၉ မှတ်ဖြင့် ပထမ၊ ဌေးဝင်းအောင်က ရမှတ် ၁၁၀၇ မှတ်ဖြင့် ဒုတိယ၊ ဇော်လင်းထွန်းက ရမှတ် ၁၁၀၁ ဖြင့် တတိယရရှိခဲ့ပြီး အလွတ်တန်း အမျိုးသမီးပြိုင်ပွဲတွင် ခင်မူတင့်က ရမှတ် ၉၂၆ မှတ်ဖြင့် ပထမ၊ ခင်သန်းထွေး က ရမှတ် ၈၉၆ မှတ်ဖြင့် ဒုတိယ၊ မြင့်မြင့်စန်းက ရမှတ် ၈၇၈ မှတ်ဖြင့် တတိယဆုတို့ကို ရရှိခဲ့သည်။

ထို့အပြင် Hight Game အမျိုးအစားပြိုင်ပွဲတွင် ရမှတ် ၂၂၅ မှတ် ရရှိသည့် ဌေးဝင်းအောင်နှင့် ရမှတ် ၁၈၃ မှတ်ဖြင့် ခင်မူတင့်တို့ကရရှိခဲ့ရာ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် ဦးမျိုးအောင်တို့က ဆုများအသီးသီး ချီးမြှင့်ပေးခဲ့သည်။

မောင်စိန်လွင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့် ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်ခြင်း

မောင်ခိုင်မာ(အထက်မင်းလှ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှစ်စောင်အား ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့ပါသည်။ လွတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေသမားများသာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူများကလည်း လေ့လာအကြံပြုသင့်ပါ၍ ဤဆောင်းပါးကို ရေးသားဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏သဘာဝ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံအတွင်းရှိ ဥပဒေအားလုံး၏ မူလအခြေခံဖြစ်ပြီး နိုင်ငံသားတို့၏ မျှော်လင့်ချက်၊ ယုံကြည်ချက်များကို ထင်ဟပ်ထားသည့်ဥပဒေကြီးဖြစ်ပါသည်။ ထိုအခြေခံဥပဒေကို ပညာရှင်များက-

(က) အက္ခရာတင်ထားသော အခြေခံဥပဒေ(Written Constitution)နှင့် အက္ခရာတင်မထားသော အခြေခံဥပဒေ(Unwritten Constitution)နှင့်

(ခ) ပြုပြင်ပြောင်းလဲရန်လွယ်ကူသော အခြေခံဥပဒေ(Flexible Constitution)နှင့် ပြုပြင်ပြောင်းလဲရန် ခက်ခဲသော အခြေခံဥပဒေ(Rigid Constitution)ဟူ၍ ခွဲခြားလေ့လာကြသည်။

အက္ခရာတင်ထားသော အခြေခံဥပဒေဆိုသည်မှာ ပုဒ်မများတပ်၍ တရားဝင်တိကျစွာ ရေးဆွဲပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးဖြစ်သည်။ (ဥပမာ- အမေရိကန်ဖွဲ့စည်းပုံခြေခံဥပဒေ)အက္ခရာတင်မထားသော အခြေခံဥပဒေဆိုသည်မှာ ရိုးရာဓလေ့ထုံးစံများအပေါ် အခြေခံ၍ ဥပဒေအဖြစ် စုစည်းပြဋ္ဌာန်းထားခြင်းဖြစ်သည်။ (ဥပမာ-ဗြိတိသျှဖွဲ့စည်းပုံ အခြေခံဥပဒေ) ယခုနမူနာအဖြစ် တင်ပြသည့် ဗြိတိသျှဖွဲ့စည်းပုံ အခြေခံဥပဒေမျိုးသည် အက္ခရာတင်မထားသော အခြေခံဥပဒေဟုဆိုသော်လည်း အခြေခံဥပဒေ) ယခုနမူနာအဖြစ် တင်ပြသည့် ဗြိတိသျှဖွဲ့စည်းပုံ အခြေခံဥပဒေမျိုးသည် အက္ခရာတင်မထားသော အခြေခံဥပဒေဟုဆိုသော်လည်း တစ်ပိုင်းတစ်စရေးသားထားခြင်း(Part Written)သို့မဟုတ် တစ်ပေါင်းတစ်စည်းတည်း မထားရှိခြင်း(Uncodified)သာဖြစ်ပါသည်။

ထို့ကြောင့် အခြေခံဥပဒေများကို ခွဲခြားလေ့လာရာတွင်-

(က) စုပေါင်းပြဋ္ဌာန်းဒီဂရီအဆင့် (Degree of Codification)

(ခ) အသေးစိတ်ရေးသားဒီဂရီအဆင့် (Degree of Written Detail)နှင့်

(ဂ) အက္ခရာတင်ဥပဒေ၏ မူရင်းအထောက်အထားပြဋ္ဌာန်းချက် (Degree of Written Text of Document)အဆင့်ဆင့် တို့ကိုချိန်ထိုးကြရပါသည်။ အဘယ်ကြောင့်ဆိုသော် တကယ်လက်တွေ့ဘဝတွင် လုံးဝအက္ခရာတင်မထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေဟူ၍ မရှိသောကြောင့်ဟု ဆိုပါသည်။

ပြုပြင်ပြောင်းလဲရန် လွယ်ကူသောဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ခက်ခဲသော အခြေခံဥပဒေ

"ပြုပြင်ပြောင်းလဲရန်လွယ်ကူသော ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည်မှာ ၄င်းဥပဒေကို ပြုပြင်ရာတွင်အထူးယန္တရားမလိုဘဲ သာမန်ရိုးရိုးဥပဒေကို ပြုပြင်သလိုမျိုး ပြုပြင်နိုင်ခြင်းကိုခေါ်သည်"ဟု စီအက်ဖ်-စထရောင်း (C.F.Strong)က ဆိုသည်။ တစ်နည်းအားဖြင့် လုပ်နည်းလုပ်ဟန်တစ်ရပ်မရှိဘဲ ပြုပြင်နိုင်သော အခြေခံဥပဒေကို ခေါ်ဆိုခြင်းဖြစ်သည်။ (ဥပမာ- ဗြိတိသျှဖွဲ့စည်းပုံအခြေခံဥပဒေ)

ပြုပြင်ပြောင်းလဲရန်ခက်ခဲသော အခြေခံဥပဒေဆိုသည်မှာ သာမန်ဥပဒေများ ပြင်ဆင်သကဲ့သို့ပြုလုပ်၍မရသော အခြေခံဥပဒေမျိုးဖြစ်သည်။ တစ်နည်းအားဖြင့် ပြင်ဆင်ပြောင်းလဲရန် ကန့်သတ်ချက်၊ သတ်မှတ်ပြဋ္ဌာန်းချက်များရှိနေပါက ၄င်းကိုပြုပြင်ပြောင်းလဲရန် ခက်ခဲသော အခြေခံဥပဒေဟုခေါ်ကြရပေမည်။ ဥပမာ-၁၇၈၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ နှစ်ပေါင်း (၁၈၃)နှစ်အတွင်း ပြင်ဆင်ချက်(၂၆)ခုသာရှိခဲ့သော အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးဖြစ်သည်။ ထိုဥပဒေ(၂)မျိုးစလုံးတွင် အားသာချက်၊ အားနည်းချက်များ ရှိပါသည်။

ပြုပြင်ပြောင်းလဲရန်ခက်ခဲသော အခြေခံဥပဒေကို ပြင်ဆင်ခြင်း

အောက်ပါနည်းလမ်းလေးမျိုးဖြင့် ပြင်ဆင်ကြကြောင်းတွေ့ရပါ သည်။

(က) **ခြွင်းချက်ဖြင့် ဥပဒေပြုလွှတ်တော်ကပြင်ဆင်ခြင်း။** ဥပဒေပြုလွှတ်တော်သည် သာမန်ဥပဒေများပြုစုခြင်း၊ ပြင်ဆင်ခြင်းမျိုးကဲ့သို့ အခြေခံဥပဒေကို မပြင်ဆင်နိုင်ပါ။ သတ်မှတ်ထားသော လွှတ်တော်အမတ်ဦးရေ၏ အများစုသဘောတူဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ကြခြင်းဖြစ်ပါသည်။ အချို့နိုင်ငံများတွင် လက်ရှိဥပဒေပြုအဖွဲ့က သတ်မှတ်ထားသော မဲအရေအတွက်ဖြင့် ပြင်ဆင်ခြင်းမျိုးကိုလည်း တွေ့ရသည်။ ထို့အပြင် အခြေခံဥပဒေကို ပြင်ဆင်လိုသောအခါ လက်ရှိဥပဒေပြုအဖွဲ့ကို ဖျက်သိမ်းပြီး ဥပဒေပြုအဖွဲ့သစ်တစ်ခုဖြင့် ပြင်ဆင်ကြသည်လည်း ရှိပါသည်။

(ခ) **ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပြင်ဆင်ခြင်း။** အချို့နိုင်ငံများတွင် ဥပဒေပြုအဖွဲ့က အခြေခံဥပဒေကို ပြင်ဆင်ခွင့်မရှိသောကြောင့် မဲဆန္ဒရှင်များအား ပြင်ဆင်ချက်ကို ကြိုက်/မကြိုက် မေးမြန်းဆန္ဒခံယူပြင်ဆင်ခြင်း ဖြစ်ပါသည်။

(ဂ) **အထူးဖွဲ့စည်းကျင်းပသော လွှတ်တော်ကပြင်ဆင်ခြင်း။** အချို့နိုင်ငံများတွင် ဥပဒေပြုအဖွဲ့ကိုဖျက်သိမ်း၍ အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးအဖွဲ့သစ်ကို ရွေးချယ်ပြီး ထိုအဖွဲ့သစ်ဖြင့် ပြင်ဆင်ခြင်းဖြစ်သည်။ ဤနည်းလမ်းက အချိန်ကုန်ခြင်း၊ ငွေကုန်ခြင်းကြောင့် အသုံးပြုမှုနည်းပါးကြောင်း တွေ့ရသည်။

(ဃ) **ပြည်နယ်များ၏ မဲဆန္ဒဖြင့်ပြင်ဆင်ခြင်း။** အချို့သော ပြည်ထောင်စုနိုင်ငံများတွင် ပဟိုအစိုးရ၌ အခြေခံဥပဒေ ပြင်ဆင်ခွင့်မရှိဘဲ ပြည်နယ်များသို့ ခွဲဝေပေးထားခြင်းဖြစ်၍ အခြေခံဥပဒေကို ပြင်ဆင်လိုပါက ပြည်နယ်များသို့တင်ပြပြီး ပြည်နယ်အများစု၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အခြေခံဥပဒေများနှင့် ပြင်ဆင်ခြင်း

မြန်မာနိုင်ငံတွင် ၁၉၄၇ အခြေခံဥပဒေ၊ ၁၉၇၄ အခြေခံဥပဒေနှင့် ၂၀၀၈ အခြေခံဥပဒေဟူ၍ ရှိသည်။ ၁၉၄၇ အခြေခံဥပဒေတွင် အခန်း(၁၄)ခန်း၊ ပုဒ်မပေါင်း (၂၃၄) ခုပါဝင်ပြီး အခန်း(၁၁) ပုဒ်မ(၂၀၇) မှ (၂၁၀) အထိသည် အခြေခံဥပဒေပြင်ဆင်ခြင်းအခန်းဖြစ်သည်။ ၁၉၄၇ အခြေခံဥပဒေသည် ၁၉၆၂ ခုနှစ် ၊ မတ်လ ၂ ရက်နေ့တွင် တပ်မတော်အာဏာ လွှဲပြောင်းရယူသောအခါ ချုပ်ငြိမ်းခဲ့ရသည်။ ၁၉၇၄ အခြေခံဥပဒေတွင် အခန်း(၁၆)ခန်း၊ ပုဒ်မပေါင်း(၂၀၉)ခုရှိပြီး အခန်း(၁၅)၊ ပုဒ်မ (၁၉၄)တွင် အခြေခံဥပဒေ ပြင်ဆင်ခြင်းကို ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရသည်။ ၁၉၇၄ အခြေခံဥပဒေသည်လည်း ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၌ ဖြစ်ပွားခဲ့သော အခြေအနေ အရပ်ရပ်ကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူခဲ့သောအခါ ပျက်ပြယ်ခဲ့ရပြန်ပါသည်။

နိုင်ငံတော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်သည့် အစိုးရတစ်ရပ်ရှိရန် လိုအပ်သည့်အလျောက် ၁၉၉၉ ခုနှစ်မှစတင်၍ အမျိုးသားညီလာခံကျင်းပပြီး အခြေခံဥပဒေကို ရေးဆွဲခဲ့သည်။ အဆိုပါ အခြေခံဥပဒေကို ၂၀၀၈ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့သည်။ ၂၀၀၈ အခြေခံဥပဒေတွင် အခန်း(၁၅)ခန်း၊ ပုဒ်မပေါင်း (၄၅၇)ခု၊ ဇယား (၅)ခုရှိပြီး အခန်း(၁၂) သည် အခြေခံဥပဒေပြင်ဆင်ခြင်း အခန်းဖြစ်ပါသည်။ အခန်း(၁၂)တွင် ပုဒ်မ (၄၃၃)၊ (၄၃၄) နှင့် (၄၃၅)တို့မှာ ပြင်ဆင်လိုပါက သတ်မှတ်သည့် နည်းလမ်းများကိုဖော်ပြထားပြီး ပုဒ်မ (၄၃၆) (က) တွင် "ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁မှ ၄၈ ထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း(၃) ပုဒ်မ ၅၉ မှ ၆၀ ထိ၊ အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅) ပုဒ်မ ၂၀၀၊၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန်သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲမေးခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်"ဟု ဖော်ပြထားပါသည်။ ပုဒ်မ(၄၃၆)(ခ)တွင် "ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်"ဟူ၍ ပြဋ္ဌာန်းထားပါသည်။

ဖော်ပြပါပုဒ်မ ၄၃၆ ကို အနှစ်ချုပ်ကြည့်လျှင်(က)ပုဒ်မ ၄၃၆(က)တွင် ဖော်ပြထားသည့် မူဝါဒပိုင်းဆိုင်ရာပုဒ်မများကို ပြင်ဆင်မည်ဆိုပါက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန်သဘောတူရပါမည်။ (ခ) ပြည်ထောင်စုလွှတ်တော်က သဘောတူလျှင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲရရှိရမည်ဖြစ်သည်။ (ဂ) မူဝါဒ ပိုင်းဆိုင်ရာမဟုတ်သော ပုဒ်မများကိုပြင်ဆင်လိုပါက ပြည်ထောင်စုလွှတ်တော်ကိုယ် စားလှယ် ၇၅ ရာခိုင်နှုန်းကျော်က ထောက်ခံရမည်ဟူသည့် အချက်(၃)ချက်ကို တွေ့ရှိရပါသည်။ ယခု ပြင်ဆင်သည့် ဥပဒေမူကြမ်းတွင် ထိုအချက်များကို ပြင်ဆင်ရန် ပြဋ္ဌာန်းထားပါသည်။

လူ့ဘောင်လောကတွင် ပြီးပြည့်စုံသည်မရှိဖြစ်၍ အခြေခံဥပဒေတိုင်းတွင် ပြင်ဆင်မှုအခန်းကိုမဖြစ်မနေထည့်သွင်းပြဋ္ဌာန်းရပေသည်။ လက်တွေ့ဘဝတွင်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခေတ်ကာလနှင့် လိုက်လျောညီထွေမရှိလျှင်သော်လည်းကောင်း၊ ဒီမိုကရေစီနှုန်းစံတန်ဖိုးများ အားနည်းလျှင်သော်လည်းကောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှု အားနည်းလျှင်သော်လည်းကောင်း (သို့မဟုတ်) ပြည်သူအများစုက လက်ခံနိုင်ခြင်းမရှိတော့လျှင် သော်လည်းကောင်း ပြင်ဆင်ကြရမည်သာဖြစ်ပါသည်။ သို့သော် ပြင်ဆင်ချက်များသည် အခြေခံဥပဒေပိုမိုအားကောင်းလာစေရေး စွမ်းဆောင်ရည်မြင့်မားလာစေရေး၊ သက်ဝင်လှုပ်ရှားနေစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ချက်ထားရမည်ဖြစ်ပါသည်။

ဥပဒေမူကြမ်းကိုလေ့လာပါ၊ ပြီးလျှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှစ်စောင်အနက်(၁၁-၆-၂၀၁၅)တွင် ပြင်ဆင်ရန် ပုဒ်မ(၅)ခု၊ (၁၂-၆-၂၀၁၅) တွင် ပြင်ဆင်ရန် ပုဒ်မ(၃၀)ပါရှိပါသည်။ ပုဒ်မ (၃၀)ခုတွင် ဇယား(၁)နှင့် (၂)လည်း ပါဝင်ပါသည်။ ပြင်ဆင်သည့် ဥပဒေမူကြမ်းကိုလေ့လာရာတွင် အထောက်အကူဖြစ်စရေန်အတွက် မူလဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပါ ပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်းပါ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များကို နှိုင်းယှဉ်ဖော်ပြထားသည့် ဇယားကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားသည့်အတွက် လွယ်ကူရှင်းလင်းစွာ ယှဉ်တွဲလေ့လာနိုင်ပါသည်။ ပြည်သူများအနေဖြင့် ပြင်ဆင်ချက်မူကြမ်းပါအချက်များအနက်၊ အနည်းဆုံးတော့ ပြည်သူတို့၏ အခွင့်အရေး အာဏာသုံးရပ်ပိုင်းခြားခြင်း၊ သမ္မတရွေးချယ်ခြင်း၊ အခြေခံဥပဒေပြင်ဆင်ခြင်းနှင့် ဇယား(၁)(၂) တို့ကို လေ့လာသင့်ပါသည်။ ထိုမှတစ်ဆင့်တက်၍ အကြံပြုသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရေးကြီးလို့ပါ။ ဥပမာ-အာဏာသုံးရပ်ပိုင်းခြားမှု (Check and Balance) သဘောတရားအားနည်းလျှင်

> **လူ့ဘောင်လောကတွင် ပြီးပြည့်စုံသည်မရှိဖြစ်၍ အခြေခံဥပဒေတိုင်းတွင် ပြင်ဆင်မှုအခန်းကို မဖြစ်မနေထည့်သွင်းပြဋ္ဌာန်းရပေသည်။ လက်တွေ့ဘဝတွင်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခေတ်ကာလနှင့် လိုက်လျောညီထွေမရှိလျှင်သော်လည်းကောင်း၊ ဒီမိုကရေစီနှုန်းစံတန်ဖိုးများ အားနည်းလျှင်သော်လည်းကောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှု အားနည်းလျှင်သော်လည်းကောင်း (သို့မဟုတ်) ပြည်သူအများစုက လက်ခံနိုင်ခြင်းမရှိတော့လျှင် သော်လည်းကောင်း ပြင်ဆင်ကြရမည်သာဖြစ်**

လူ့အခွင့်အရေးများဆုံးရှုံးမည်။ အာဏာသုံးရပ်ပိုင်းခြားခြင်းမရှိလျှင် သက်ဦးဆံပိုင်ဖြစ်ကာ အုပ်စိုးသူအကြီးအကဲသည် ဥပဒေပြုသူ (Law Maker)၊ ဥပဒေချိုးဖောက်သူ (Law Breaker)၊ ဥပဒေကို မိမိအလိုကျအဓိပ္ပာယ်ဖွင့်သူ(ဥပဒေအထက်မှာနေသူ) (Interpreter) နှင့် စီမံအုပ်ချုပ်သူ (Administrator)ဟူ၍ တစ်ဦးတည်းကသာ လေးကိုယ်ခွဲ သရုပ်ဆောင်သွားပေလိမ့်မည်။ ဤအခြေအနေမှာ စိုးရိမ်ဖွယ်ရာဖြစ်သည်။

ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်ဟုဆိုရာတွင် မူလဥပဒေ(၂၀၀၈) သတ်မှတ်ချက်အတိုင်း ပြင်ဆင်မည်လော။ ယခုဆောင်းပါးတွင် ဖော်ပြပါရှိသော "ပြုပြင်ပြောင်းလဲရန်ခက်ခဲသည့် အခြေခံဥပဒေကို ပြင်ဆင်ခြင်း" ခေါင်းစဉ်ပါနည်းလမ်းလေးမျိုးအနက် မည်သည့်နည်းလမ်းဖြင့် ပြင်ဆင်မည်။ မည်သည့်အချိန်တွင် ပြင်ဆင်မည်(၂၀၁၅) ရွေးကောက်ပွဲ မတိုင်မီ(သို့မဟုတ်) ရွေးကောက်ပွဲပြီး(သို့မဟုတ်) ရွေးကောက်ပွဲနှင့် တစ်ပြိုင်နက်)စသည်တို့မှာ စိတ်ဝင်စားဖွယ်ရာဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တော့မည် ယနေ့ကာလလို အရေးကြီးကာလဝယ် ကျွန်ုပ်တို့ မဲဆန္ဒရှင် ပြည်သူများသည် ရရှိလာသည့်အခွင့်အရေးကို အမိအရဆုပ်ကိုင်ကာ လေ့လာအကြံပြုသင့်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များကလည်း "ပြည်သူ့အသံ လွှတ်တော်အသံ"ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူတို့ ကိုယ်စားပြုသော ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ထားသော စေတနာများဖြင့် အခြေခံဥပဒေပြင်ဆင်ရေး အမျိုးသားရေးတာဝန်ကြီးကို ကျေပွန်စွာ ထမ်းဆောင်သင့်ပါကြောင်း အကြံပြုတိုက်တွန်းလိုက်ရပါသည်။

ထားဝယ်နှင့် သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန (ERIA) ဥက္ကဋ္ဌ ပါမောက္ခ ဟီဒဲ တိုရှိ နိရှိမူရ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ညှိုခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံစဉ် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာဖွံ့ဖြိုးမှုအတွက် ကူညီထောက်ပံ့ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် သီလဝါအထူး စီးပွားရေးဇုန် စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေး တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီးများ အရှေ့အာရှ စီးပွားရေးသုတေသနဌာန (ERIA) ဥက္ကဋ္ဌ ပါမောက္ခ ဟီဒဲ တိုရှိ နိရှိမူရ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပ၊ ဥပဒေကြမ်း(၇)ခုအား အဆုံးအဖြတ်ရယူအတည်ပြု

ပြည်ထောင်စု ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

သာပေါင်း မဲဆန္ဒနယ်မှ ဦးဝင်းသန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၆

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၉ ရက်မြောက်နေ့တွင် ဥပဒေကြမ်း(၇)ခုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

အစည်းအဝေးတွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီက တင်သွင်းထားသည့် **ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအား ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဌေးနိုင်တို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့အတူ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် **ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြင်ဆင်ချက်တင်သွင်းထားသည့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့ကြသည်။

(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

တာဝန်ရှိသူများကို အထူးပွဲအဖြစ် တင်ဆက်ပြသခဲ့သည်။

"မြန်မာ အမျိုးသမီးတွေဟာ ခေတ်ကာလနဲ့လိုက်လျောညီထွေစွာ ဝတ်ဆင်ကြရပါတယ်။ ခေတ်မီတိုးတက်လာတာနဲ့အပြိုင် နိုင်ငံတကာ ယဉ်ကျေးမှုတွေက မြန်မာအမျိုးသမီးတွေရဲ့ စိတ်နေစိတ်ထားနဲ့ ဝတ်စားဆင်ယင်မှုတွေကိုပါ ထိုးဖောက်ဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့ အမျိုးသမီးလေးတွေအနေနဲ့ နိုင်ငံတကာယဉ်ကျေးမှုကို အမီလိုက်ဖို့ လိုအပ်သလို မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီပြီး ကိုယ့်တိုင်းပြည်ရာသီဥတု၊ နေထိုင်ရာပတ်ဝန်းကျင်နဲ့ လိုက်ဖက်လျော်ညီတဲ့ဝတ်စုံတွေကို ဝတ်ဆင်ကြဖို့ လိုအပ်ပါတယ်။ ကျွန်မတို့လေ့လာမိခဲ့တာက နိုင်ငံတကာဖက်ရှင်တွေနဲ့အပြိုင် မြန်မာတိုင်းရင်းသားရိုးရာဝတ်စုံတွေဟာ လူငယ်တွေအကြားမှာ နေ့စဉ်ဝတ်ဆင်လာကြတာကို ပြန်လည်တွေ့ရှိခဲ့ပါပြီ။ စျေးဝယ်စင်တာတွေ ရှော့ပင်းမောလ်တွေမှာ မြန်မာတိုင်းရင်းသားရိုးရာဝတ်စုံတွေ အသင့်ချုပ်လုပ်ပြီး လူကြိုက်များလာတာကို ကြည့်ရင် ကျွန်မတို့အနေနဲ့ ၁၂ နှစ်တိုင်တိုင် ကြိုးစားဖော်ထုတ်ပေးခဲ့တဲ့ အမျိုးသမီးများ ဝတ်စားဆင်ယင်မှု ပြပွဲရဲ့ အောင်မြင်မှုတွေပါပဲ"ဟု ပွဲစီစဉ်သူတစ်ဦးက ပြောကြားသည်။

မြန်မာအမျိုးသမီးများ၏ ပုဂံ၊ အင်းဝ၊ ပင်းယ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်အဆက်ဆက်မှ သည် ယနေ့တိုင် သေသပ်လှပစွာ ဝတ်စားဆင်ယင်ခဲ့ကြပုံများကို အနုပညာရှင်များနှင့် အလှမယ်များက ခေတ်အဆင်နှင့် ယနေ့အသွင်အစီအစဉ်ဖြင့် တင်ဆက်ဖျော်ဖြေရာ လှပခဲ့ညားသော မြန်မာအမျိုးသမီးများ၏ ပုံရိပ်နှင့် အတုယူဖွယ်ဝတ်စားဆင်ယင်မှုများကို မြင်တွေ့ကြရသည်။

နိုင်ငံ၏ ရာသီဥတုနှင့် လိုက်ဖက်လျော်ညီစေမည့် ဝတ်စားဆင်ယင်မှုဖြစ်သော ဆောင်းရာသီဖက်ရှင်တွင် ခြီုထည်များဖြင့် ဆင်ယင်ထုံးဖွဲ့ခြင်း၊ နွေရာသီတွင် ရိုးရာချည်ထည်များ ဝတ်ဆင်ခြင်းဖြင့် အသွင်သစ်ဖြင့် ဖက်ရှင်ကျနစေမည့် ဆင်ယင်ထုံးဖွဲ့ခြင်းနှင့် မိုးရာသီနှင့် လိုက်လျောညီထွေရှိစေမည့် ပါးလွှာအေးမြသော ပါတိတ်အထည်ဆန်းများ ဝတ်ဆင်ခြင်းတို့ကို သုံးရာသီအလှသဘာဝ အစီအစဉ်တွင် ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

"ဒီနှစ်မှာ ထူးခြားပါတယ်။ ကျွန်မတို့တွေက ဟာသလူရွှင်တော်တွေအဖြစ် သရုပ်ဆောင်ကြမှာပါ။ မြန်မာအမျိုးသမီး တစ်ယောက် အနေနဲ့ မြန်မာဝတ်စုံကို ဝတ်ရတာ ကြိုက်နှစ်သက်ပါတယ်။ လုံချည်ဝတ်ထားတဲ့အခါ ကိုယ့်ကိုယ်ကိုယ် လုံခြုံမှု ရှိတယ်၊ လှပတယ်၊ ပွဲလယ်တင့်တယ်လို့ ခံစားရပါတယ်။ ဒီပွဲမှာ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုတွေနဲ့ ဖျော်ဖြေမှာဖြစ်သလို အကယ်ဒမီ ရွှေပန်းချီအငြိမ့်မှာ ကျွန်မနဲ့အတူ မြတ်ကေသီအောင်၊ ဆုပန်ထွာ၊ စိုးမိုးကြည်နဲ့ ခိုင်သင်းကြည်တို့က လည်း လူရွှင်တော်အဖြစ် ဖျော်ဖြေမှာ ဖြစ်ပြီး ဂျင်းနီနဲ့ ချောရတနာတို့က မြန်မာအကနဲ့ ဖျော်ဖြေပေးပါမယ်။ ကျွန်မတို့တွေရဲ့ ဖျော်ဖြေမှုတွေကို ပရိသတ်ကြီး ကြိုက်နှစ်သက်မယ်လို့ ယုံကြည်ပါတယ်။ အနုပညာရှင်တွေနဲ့ မော်ဒယ်လ် အလှမယ်လေးတွေကို လည်း ကျွန်မအနေနဲ့ ပြောကြားလိုတာက ကျွန်မတို့တွေကို ရုပ်မြင်သံကြားတွေ၊ မီဒီယာတွေကနေ အမြဲတမ်း ချစ်ခင်အားပေးနေကြတဲ့ မြန်မာ အမျိုးသမီးလေးတွေအတွက် အတုယူဖွယ်ဖြစ်အောင် ဝတ်စားဆင်ယင်ဖို့ လိုအပ်သလို သင့်လျော်တဲ့ ဝတ်စားဆင်ယင်မှုတွေဖြစ်ဖို့လည်း အမြဲတမ်း ဂရုပြုဖို့ အလေးအနက် တိုက်တွန်းပါတယ်"ဟု အကယ်ဒမီ စိုးမြတ်သူဇာက ပြောကြားသည်။

ထို့အပြင် ဂီတသည် ကမ္ဘာသုံးဘာသာစကားဖြစ်ပြီး ယဉ်ကျေးမှုဖလှယ်ရာတွင် အလျင်မြန်ဆုံး ပျော်ဝင်စီးဆင်းနိုင်ခြင်းကို အခြေခံကာ တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံခြင်းဖြင့် ပိုမိုညီညွတ်သော ပြည်ထောင်စုအဖြစ် တည်ဆောက်လိုသည့် ရည်ရွယ်ချက်ဖြင့် ထည့်သွင်းတင်ဆက်ထားသော သံစဉ်ဖလှယ် ဂီတညီအစစ်မအစစ်အစဉ်ဖြင့် အနုပညာရှင်များနှင့် အမျိုးသမီး တိုင်းရင်းသူအဆိုရှင်များက ဖျော်ဖြေခြင်းနှင့် ရိုးရာအကများဖြင့် တင်ဆက်ခြင်းတို့ကိုလည်း ထည့်သွင်းတင်ဆက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဖျော်ဖြေပွဲတွင် အမျိုးသမီးအနုပညာရှင် ၆၀ ကျော်၊ အလှမယ် ၃၅ ဦးတို့အပါအဝင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသူလေးများက စုပေါင်းတင်ဆက်ခဲ့ကြခြင်းဖြစ်ပြီး အမျိုးသမီးများ၏ ဝတ်စုံများကို ဒီဇိုင်နာ မချောစု၊ မသဇင်ခင်၊ မဝါဝါကျော်နှင့် မအမ်လီမိုးတို့က ချုပ်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

အထူးပွဲပြသခြင်းအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ နာယက ဒေါ်နီနီဝင်းနှင့် ဒေါ်ခင်မိမိ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ခင်မာထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်နှင့် ဒေါ်ခင်မေစိုး အပါအဝင် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ ဒေါ်သင်းသင်းမြနှင့် ဒေါ်ခင်အေးနွယ်၊ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် အဖွဲ့အစည်းအသီးသီးမှ ဖိတ်ကြားထားသူများအပြင် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ် အသီးသီးမှ ကျောင်းသူ ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ် သိန်း၁၅ဝကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက (၁၂)ကြိမ်မြောက် အောင်မြင်စွာကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကြီးတွင် ကူညီပေးခဲ့ကြသူများအား ဂုဏ်ပြုပန်းချီကားနှင့် ပန်းစည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

"အခမ်းအနားက အလွန်ကြီးကျယ်ပါတယ်။ ကျွန်မပါဝင်ခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူပါတယ်။ အခုနောက်ပိုင်းမှာ ပြည်ပကို အလှမယ်တွေ သွားယှဉ်ပြိုင်ကြတဲ့အခါ နိုင်ငံတကာ ဖက်ရှင်နဲ့ ယှဉ်ပြိုင်ကြရသလို ရိုးရာဝတ်စုံတွေကို ဆန်းသစ်ထားတဲ့ ဒီဇိုင်းတွေနဲ့လည်း ယှဉ်ပြိုင်ရပါတယ်။ မကြာခဏလည်း ကျွန်မတို့မြန်မာအမျိုးသမီးတွေရဲ့ တိုင်းရင်းသားရိုးရာဝတ်စုံတွေကြောင့် ကမ္ဘာ့အလယ်မှာ အလှပေါ်အယဉ်ဆင့်လို့ မော်ကြွားခွင့်ရခဲ့တယ်။ ရိုးရာဝတ်စားဆင်ယင်မှုကို ဆန်းသစ်ဖို့ ကြိုးပမ်းပြင်ဆင်ထားတာမို့ လာရောက်ကြည့်ရှုဖို့ဖိတ်ခေါ်ပါတယ်"ဟု အလှမယ်မိုးစက်ပိုင်က ပြောကြားသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အကြံပေးနာယက(၁)ဒေါက်တာသန်းဦးအား ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်

နေပြည်တော် ဇွန် ၂၆

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အကြံပေးနာယက(၁) ဒေါက်တာသန်းဦးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ခန်းမဆောင်၌ ကျင်းပရာ **(ယာဝုံ)** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဒေါက်တာဦးသန်းဦးသည် ဘဝတစ်လျှောက်လုံး အမျိုးသားပညာရေးကဏ္ဍမြှင့်မားရေးအတွက် ကိုယ်ရောစိတ်ပါ မြှုပ်နှံကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို ဆရာကြီး၏ ထူးခြားသည့် စွမ်းဆောင်မှု မှတ်တမ်းများကသက်သေပြနေပါကြောင်း၊ ဆရာကြီးသည် မြန်မာနိုင်ငံစာတတ်မြောက်ရေးပဟိုကော်မတီ၏ အတွင်းရေးမှူးအဖြစ် ၁၉၆၄ ခုနှစ်တွင် စတင်ထမ်းဆောင်ခဲ့ပြီး "အ"သုံးလုံး စီမံချက် အပါအဝင် မြန်မာနိုင်ငံစာတတ်မြောက်ရေးကြိုးပမ်းလှုပ်ရှားမှုများတွင် အဓိကနေရာက ပါဝင်ခဲ့သူဖြစ်ပါကြောင်း။

မိမိတို့ အစုံးရလက်ထက်တွင် ဆရာကြီးသည် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အကြံပေးအဖွဲ့ နာယက(၁)၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်လျက်ရှိ ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့နှင့် အမေရိကန်နိုင်ငံ ဟာဗိုင်ရီတက္ကသိုလ်က ချီးမြှင့်သည့် အမြင့်ဆုံးဂုဏ်ထူးဆောင်လူထုအကျိုးပြု စာပေပါရဂူဘွဲ့ Doctor of Humane Letters, Honoris Causa ကိုပါ ဂုဏ်ပြုချီးမြှင့်ခံခဲ့ရပါကြောင်း။

ဆရာကြီး၏ ဘဝတစ်သက်တာတွင် မြန်မာနိုင်ငံပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့မှု၊ အနာဂတ်လူငယ်များအတွက် ပညာရေး၊ လူမှုရေးလုပ်ငန်းများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လိုစိတ်များ ပေါ်ထွန်းလာစေရန် နှိုးဆော်တိုက်တွန်း အားပေးဆောင်ရွက်နေမှုစသည့် မြန်မာနိုင်ငံအတွက် အလေးထားရမည့် စွမ်းဆောင်မှုများကြောင့် ယခုလို နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အကြံပေးနာယက(၁) ဒေါက်တာသန်းဦးအား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်သည်။

ယင်းနောက် ဒေါက်တာသန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီး ကိုကို၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဒေါက်တာ ကိုကိုဦး၊ ဦးရဲထွဋ်၊ ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှကျော်ရှိသော ဒေါက်တာသန်းဦးသည် မြန်မာနိုင်ငံ စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့ခြင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်က ရန်ကုန် တက္ကသိုလ်အထူးဘွဲ့နှင်းသဘင်၌ ချီးမြှင့်သော ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့နှင့် ၂၀၁၅ခု မေ ၁၆ ရက်က အမေရိကန်ပြည်ထောင်စု ဟာဗိုင်ရီပြည်နယ် ဟာဗိုင်ရီတက္ကသိုလ် (၁၀၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ ချီးမြှင့်သော (Doctor of Humane letters, Honoris Causa) ဘွဲ့ကို ရရှိခဲ့ခြင်း၊ ပညာရေး၊ လူမှုရေးဆိုင်ရာစာပေများ ပြုစုရေးသားခြင်းကြောင့် အမျိုးသား စာပေဆုရရှိခဲ့သူဖြစ်ပြီး အနာဂတ်လူငယ်များအတွက် ပညာရေး၊ လူမှုရေးလုပ်ငန်းများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လိုစိတ်များ ပေါ်ထွန်းလာစေရန် နှိုးဆော်တိုက်တွန်းအားပေးလျက်ရှိခြင်း၊ ဦးသန်းဦး ဖောင်ဒေးရှင်းထူထောင်၍ မြန်မာနိုင်ငံပညာရေးတက္ကသိုလ်များတွင် ထူးချွန်သည့် ပညာရေး ဝိဇ္ဇာဘွဲ့ရ ဆရာ ဆရာမများပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်း အစရှိသည့် နိုင်ငံတော်၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ရောစိတ်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ကို ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင်ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
(အမိန့်ကြော်ငြာစာအမှတ်၊ ၅၉/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင်ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၈-၆-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၀/၂၀၁၄)ဖြင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားသော နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့တွင် ဒေါက်တာဦးသန်းဦးအား အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ဒေါက်တာသန်းဦး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ



အဖဦးဖိုသောင်၊ အမိဒေါ်အိုတို့က မြန်မာသက္ကရာဇ် ၁၂၈၉ ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် ၉ ရက် သောကြာနေ့တွင် ပြည်မြို့၌မွေးဖွားသည်။

ငယ်စဉ်က ပြည်မြို့ အမျိုးသားအထက်တန်းကျောင်း နိုင်ငံတော်တန်းမြင့်ကျောင်းတို့တွင် ပညာသင်ယူခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီ၊ အေ(အီးဒီ)ဘွဲ့ကို ဂုဏ်ထူးနှစ်ဘာသာဖြင့် ပထမရရှိအောင်မြင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ဘီအီးဒီဘွဲ့ကို ပထမရရှိအောင်မြင်ခဲ့သည်။ ရွှေတံဆိပ်ဆုရရှိခဲ့သည်။

၁၉၆၃ ခုနှစ်တွင် အမ်၊ အီးဒီဘွဲ့ကို အမေရိကန်ပြည်ထောင်စု ဟာဗိုင်ရီတက္ကသိုလ်မှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

ပြည်ခရိုင် ပုတီးကုန်းမြို့၊ အစိုးရအထက်တန်းကျောင်း(၁၉၅၄)နှင့် သာယာဝတီခရိုင် အုတ်ဖိုမြို့အစိုးရအထက်တန်းကျောင်း(၁၉၆၀)တို့တွင် ကျောင်းအုပ်ဆရာကြီးအဖြစ် အမှုထမ်းခဲ့သည်။ ပညာမင်းကြီးရုံးတွင် ကျောင်းများဆိုင်ရာ လက်ထောက်အုပ်ချုပ်ရေးမှူး(၁၉၆၃)၊ ပုသိမ်မြို့ ဆရာအတတ်သင်ကျောင်း ကျောင်းအုပ်ကြီးအဖြစ် (၁၉၆၄-၆၅) အမှုထမ်းခဲ့သည်။

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တွင် လက်ထောက်သုတေသနအရာရှိ (၁၉၆၆)၊ သုတေသနအရာရှိ(၁၉၆၇-၆၈)၊ ဒုတိယညွှန်ကြားရေးမှူး(၁၉၇၂)၊ ဥက္ကဋ္ဌ(၁၉၇၆-၇၇) ရာထူးအဆင့်ဆင့်တိုးမြှင့်တာဝန်ထမ်းဆောင်ခဲ့သည်။

အခြေခံပညာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၉၇၇ ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

ပါဝင်ဆောင်ရွက်သည့် လူမှုအဖွဲ့အစည်းများ

မြန်မာနိုင်ငံစာတတ်မြောက်ရေး ဗဟိုကော်မတီတွင် အတွင်းရေးမှူးအဖြစ် ၁၉၄၆ ခုနှစ်မှစတင်ထမ်းဆောင်ခဲ့ရာ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေးကြိုးစားလှုပ်ရှားမှုအတွက် ယူနက်စကိုအဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်သော ၁၉၇၁ ခုနှစ် ယူနက်စကိုဆု(မိုဟာမက်ရီဇာဖာလာဗီဆု)ကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် နိုင်ငံ့ကိုယ်စား တက်ရောက်လက်ခံယူခဲ့သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများအသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအလုပ်သမားအစည်းအရုံးဗဟိုအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံသုတေသနအသင်း အလုပ်အမှုဆောင်အဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင်အဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။

ပညာရေး၊ လူမှုရေးဆိုင်ရာ စာပေများကို ၁၉၅၁ ခုနှစ်မှစတင်၍ ယနေ့သို့တိုင် ရေးသားပြုစုလျက်ရှိသည်။

"မြန်မာနိုင်ငံပညာရေးဆိုင်ရာသမိုင်း" စာအုပ်ဖြင့် ၁၉၉၉ ခုနှစ်တွင် **"အမျိုးသား စာပေဆု"** ကို ရရှိခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင်တွင် ချီးမြှင့်သော **"ဂုဏ်ထူးဆောင်စာပေပါရဂူ"** ဘွဲ့ကို ရရှိခဲ့သည်။

၂၀၁၅ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ဟာဗိုင်ရီတက္ကသိုလ်(၁၀၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင်ချီးမြှင့်သော **"ဂုဏ်ထူးဆောင်လူထုအကျိုးပြုစာပေပါရဂူ"** ဘွဲ့ ကိုလည်း ရရှိခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဦးသန်းဦးဖောင်ဒေးရှင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မူးယစ်ဆေးဝါးပယောက်ရန် ထုတ်လုပ်မှုနှင့် သုံးစွဲမှုပယောက်ရေး လုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၆

"မူးယစ်ကင်းစင် ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးကြီးပမ်းစို့" ဆောင်ပုဒ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ယာပုံ)

အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပယောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ကမ္ဘာ့မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းသုံးခုဖြစ်သည့် ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ကွန်ဗင်းရှင်း၊ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ကွန်ဗင်းရှင်းတို့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့် အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့ရာ၌ ၁၉၇၄ ခုနှစ်တွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများဥပဒေ၊ ၁၉၉၃ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ၁၉၉၅ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

မူးယစ် ဗဟိုအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးပယောက်ရေးအတွက် မဟာဗျူဟာ(၂)ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပယောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဘဝတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပယောက်ရေးနှင့် နည်းဗျူဟာ(၃)ရပ်ဖြစ်သည့် ထုတ်လုပ်မှုပယောက်ရေး၊ သုံးစွဲမှုပယောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ကိုချမှတ်ပြီး ဘိန်းစိုက်ပျိုးမှုပယောက်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် မူးယစ်ဆေးဝါးပယောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ မြို့နယ်ပေါင်း ၅၁ မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ၁၉၉၉-၂၀၀၀ ခုနှစ်များတွင် ဘိန်းစိုက်ဧရိယာ ဟက်တာတစ်သိန်းကျော်ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ဟက်တာ ၂၁၆၀၀ အထိ ၈၀ ရာခိုင်နှုန်းကျော်ကို လျှော့ချနိုင်ခဲ့ပါကြောင်း၊ သို့သော်လည်း ဘိန်းစိုက်ဒေသများ၏ ပထဝီမြေအနေအထားအရ ဝေးလံခေါင်းပါးမှု ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့မှုနှင့် နယ်မြေတည်ငြိမ်အေးချမ်းခြင်း အားနည်းမှုများရှိသည့်အတွက် ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၆ ခုနှစ် နောက်ပိုင်းတွင် ပြန်လည်မြင့်တက်လာမှုကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် အာဆီယံဒေသ မူးယစ်ဆေးဝါးကင်းစင်ရေး ရည်မှန်းချက်နှင့် ၂၀၁၅ ခုနှစ်အလွန် မူးယစ်ဆေးဝါးလျှော့ချရေးလုပ်ငန်းစဉ်များနှင့်အညီ စတုတ္ထမူးယစ်ဆေးဝါးပယောက်ရေး ငါးနှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ တိုးမြှင့်ပြီး ထုတ်လုပ်မှုပယောက်ရေးနှင့် သုံးစွဲမှုပယောက်ရေး လုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ဘိန်းစိုက်ပျိုးမှု လျှော့ချရေးကို အလေးထား ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၀၇ ခုနှစ်မှ ခုနှစ်နှစ်ဆက်တိုက် မြင့်တက်လာခဲ့သော ဘိန်းစိုက်ပျိုးမှုသည် ၂၀၁၄ ခုနှစ်တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဘိန်းစိုက်ပျိုးမှု ကျဆင်းလာခြင်းဘက်သို့ ဦးတည်လာခဲ့မှုကို UNODC ၏ ၂၀၁၄ ခုနှစ် ဘိန်းစိုက်ပျိုးမှု အစီရင်ခံစာအရ တွေ့ရှိရပါကြောင်း။

မူးယစ်ဆေးဝါး အမျိုးအစား အသစ်များ ပေါ်ထွက်လာမှုအပါအဝင် ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေး ကဏ္ဍ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ လူ့အခွင့်အရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်း လုံခြုံရေးဆိုင်ရာ ကဏ္ဍများတွင်လည်း သက်ရောက်မှုများစွာနှင့် အခြေအနေကို ပိုမိုပါဝင်ပတ်သက်မှု ဖြစ်စေပါကြောင်း၊ ကမ္ဘာ့မူးယစ်ဆေးဝါးကော်မရှင် အစည်းအဝေးတွင် UNDP အဖွဲ့မှ တင်သွင်းခဲ့သည့် အစီရင်ခံစာအရ အမေရိကန်ဒေါ်လာ ၃၃၂ ဘီလီယံရှိကြောင်း တွေ့ရှိရပြီး မူးယစ်ဆေးဝါးမှရရှိသည့် အကျိုးအမြတ်များမှာလည်း ငွေကြေးခဝါချမှုများ၊ အဂတိလိုက်စားမှုများနှင့် တရားဝင်စီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်များကို သက်ရောက်မှုများစွာရှိနေပါကြောင်း၊ ကမ္ဘာ့မူးယစ်ဆေးဝါးသုံးစွဲမှုမှာလည်း အသက် ၁၅ နှစ်မှ ၆၄ နှစ်အကြား မူးယစ်ဆေးဝါးစွဲလန်းနေသူ ဦးရေ ၁၆ သန်းမှ ၃၅ သန်းအကြား ရှိနေမှုကို ၂၀၁၄ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာ၌ တွေ့ရှိရပါကြောင်း။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါး ပယောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုပယောက်ရေးနှင့် သုံးစွဲမှုပယောက်ရေး လုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲမှုနှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး ဘိန်းစိုက်ပျိုးမှု ကျဆင်းလာခြင်းဘက်သို့ ဦးတည်လာခဲ့မှုကို UNODC ၏ ၂၀၁၄ ခုနှစ် ဘိန်းစိုက်ပျိုးမှု အစီရင်ခံစာအရ တွေ့ရှိရပါကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို တက်ရောက်လာကြသည့် ဧည့်ပရိသတ်များ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပယောက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု ပိုမိုထိရောက်အောင်မြင်စေရန် ဘိန်းစိုက်ပျိုးမှုပယောက်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် ဘိန်းစိုက်ပျိုးမှုပယောက်ရေးဌာနကို ၂၀၁၃ ခုနှစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းတာဝန်ပေးခဲ့ပါကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှုကို စနစ်တကျကုသနိုင်ရေးအတွက် ဆေးကုသရေးလုပ်ငန်းများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးစွဲကုသရေးဌာနကြီး ၂၆ ခုနှင့် ဌာနငယ် ၄၇ ခုတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မက်သာဒုန်းအစားထိုးတိုက်ကျွေးမှု အစီအစဉ်အရ မက်သာဒုန်း တိုက်ကျွေးသည့်ဌာန ၄၁ ခုကို မူးယစ်ဆေးဝါးသုံးစွဲမှုများသည့် မြို့နယ်များတွင် ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း၊ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ထူထောင်ရေးစခန်း ၁၂ ခုကို ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါး မှုခင်းများသည် နယ်စပ်ဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်မှုခင်းများ၏ သဘောသဘာဝဖြစ်သည့်အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ရုရှားလာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ အမေရိကန်တို့နှင့် နှစ်နိုင်ငံသဘောတူညီချက် MoU များ လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဗဟိုအဖွဲ့အနေဖြင့် အစိုးရသစ်လက်ထက်တွင် တစ်ဖက်မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများ ဆောင်ရွက်နေသကဲ့သို့ မူးယစ်ဆေးဝါးအန္တရာယ် လျော့နည်းပယောက်ရေး လုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှု မြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် ယခုနှစ်တွင်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်ကို ဇုန်သုံးဇုန်သတ်မှတ်ပြီး ၂၀၁၅ ခုနှစ် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်ထိ ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဗဟို အဖွဲ့အနေဖြင့် အဆိုပါစီမံချက် ဆောင်ရွက်ရာတွင် ဆေးဝါးနှင့် မှုခင်းများဆိုင်ရာရုံးမှ Country Manager Mr. Jochen Wiese က ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၈)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင် ပထမဆုရရှိသူခြောက်ဦးအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဆုများချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြပြီး (၁၈)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ကွန်ဗင်းရှင်းဗဟိုဌာန အဝင်မုခ်ဦး၌ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ မူးယစ်ဆေးဝါးနှင့်ဆက်နွယ်၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေး/ပစ္စည်းများ၏အရေအတွက်မှာ မြန်မာငွေကျပ် ၅၀၈၇၀၇၅၈၁ ခန့်၊ မော်တော်ယာဉ် ၆၇ စီး၊ မော်တော်ဆိုင်ကယ် ၆၁၂ စီးနှင့် အခြားပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၃၃၂၂၆၈၀၁ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘိန်းခင်းဖျက်ဆီးမှု စုစုပေါင်းမှာ ၃၇၅၃၀ ဒသမ ၇၅ ဧက (၁၅၁၈၈ ဒသမ ၄၉ ဟက်တာ) ဖြစ်သည်။

၂၀၁၄ ခုနှစ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်အထူးအဖွဲ့တို့မှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးစာရင်းမှ ကောက်နုတ်၍ ဇယားဖြင့် သီးခြားဖော်ပြထားပါသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်အထူးအဖွဲ့တို့မှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးစာရင်းမှ ကောက်နုတ်ဖော်ပြမှု

စဉ်	မူးယစ်ဆေးဝါးအမျိုးအစား	အမှုပေါင်း	ဖမ်းဆီးရရှိမှု
၁။	ဘိန်း	၅၆၂	၁၈၂၈ ဒသမ ၄၀၅၁ ကီလို
၂။	ဘိန်းဖြူ	၂၆၆၂	၄၃၅ ဒသမ ၄၆၄၃ ကီလို
၃။	စိတ်ကြွရှူးသွပ်ဆေးပြား	၂၅၄၁	၁၂၆၅၃၀၀၂ ပြား
၄။	ဆေးခြောက်	၁၈၁	၂၀၅ ဒသမ ၅၄၅၈ ကီလို
၅။	ကဖင်း	၆	၄၃၁ ဒသမ ၄၆၄၈ ကီလို
၆။	ဆူဒိုအက်ဖီဒရင်း	၂၃	၁၈၁၂၅၄၃၂ ပြား
၇။	ဘိန်းဆီခဲ	၁၃၄	၁၀၂ ဒသမ ၁၁၂၄ ကီလို
၈။	အဆင့်နိမ့်ဘိန်း	၂၉၈	၁၃၄ ဒသမ ၀၉၈၅ ကီလို
၉။	အက်ဖီဒရင်းဆေးပြား	၁	၂၆၈၅၀၀ ပြား
၁၀။	အခြားအမှုများ	၂၈၈	-
၁၁။	**အမှုပေါင်း**	**၆၆၉၆ မှု**	

မှတ်ချက် - မူးယစ်ဆေးဝါးမှုများဖြင့် တရားခံ ကျား ၈၁၁၀ ဦးနှင့် မ ၁၃၁၅ ဦး
တရားခံစုစုပေါင်း တရားခံ ၉၄၂၅ ဦးကို ဖမ်းဆီးအရေးယူခဲ့သည်။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
အမိန့်ကြော်ငြာစာအမှတ်၊ (၄ / ၂၀၁၅)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ် ၊ ဇွန်လ ၂၅ ရက်)

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နည်းဥပဒေ ၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် -

(က) မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ် ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းကို ထည့်သွင်းပြုစုရမည်။ "

၃။ နည်းဥပဒေ ၁၁ (က) တွင်ပါရှိသော "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း " ဆိုသည့် စကားရပ်ကို "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နည်းဥပဒေ ၁၁ (င) (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ (င) (၂) အသက် ၁၈ နှစ်ပြည့်ကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကို လည်းကောင်း၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားကို လည်းကောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်ကိုလည်းကောင်း တင်ပြစေခြင်း။ "

၅။ နည်းဥပဒေ ၄၄ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၄။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က)၊ (ခ)၊ (ဂ)နှင့် နည်းဥပဒေ ၅၄(ဃ)၊ (ဆ)တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေများနှင့်အညီ အောက်ပါနည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည်-

(က) ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅(ခ)၊ (ဂ)နှင့် နည်းဥပဒေ ၅၄(ဃ)တို့ပါ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်၌ ဆန္ဒပြုရာတွင် နည်းဥပဒေ ၄၁(ခ)ပါအတိုင်း တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုရမည်။

(ခ) ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၅(ဂ)ပါ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ပြည်တွင်းရှိ တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်ကုသနေသူများနှင့် ရွေးကောက်ပွဲ နည်းဥပဒေ ၅၄(ဆ)ပါ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေအရ ကြိုတင်ဆန္ဒမဲပေးရာ၌ လွယ်ကူချောမွေ့စေရန်အတွက် ကြိုတင်ဆန္ဒမဲ လက်မှတ်ပေါ်တွင် မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသည့် လေးထောင့်ကွက်အတွင်း၌ အမှန်(✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုမည့်အစား အမှန်(✔) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည်။ "

၆။ နည်းဥပဒေတွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ " ဆိုသည့် စကားရပ်ကို " ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နည်းဥပဒေပါ ပုံစံ(၁)၊ ပုံစံ(၁-၁)၊ ပုံစံ(၁-၂)နှင့် ပုံစံ(၁-၃) တို့၏ ရှင်းလင်းချက် အပိုဒ်(၃)တွင် ပါရှိသော "ယာယီသက်သေခံလက်မှတ်အမှတ် " ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ နည်းဥပဒေ ပုံစံ(၃)နှင့် ပုံစံ(၃-က) တို့တွင်ပါဝင်သော "ယာယီသက်သေခံ " ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
အမိန့်ကြော်ငြာစာအမှတ်၊ (၅ / ၂၀၁၅)
၁၃၇၇ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နည်းဥပဒေ ၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသည်-

(က) မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ် ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းကို ထည့်သွင်းပြုစုရမည်။ "

၃။ နည်းဥပဒေ ၁၁ (က) တွင်ပါရှိသော " နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း " ဆိုသည့်စကားရပ်ကို "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နည်းဥပဒေ ၁၁ (င) (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ (င) (၂) အသက် ၁၈ နှစ်ပြည့်ကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကို လည်းကောင်း၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားကို လည်းကောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်ကိုလည်းကောင်း တင်ပြစေခြင်း။ "

၅။ နည်းဥပဒေ ၄၄ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၄။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က)၊ (ခ)၊ (ဂ)နှင့် နည်းဥပဒေ ၅၄(ဃ)၊ (ဆ)တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေများနှင့်အညီ အောက်ပါနည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည်-

(က) ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅(ခ)၊ (ဂ)နှင့် နည်းဥပဒေ ၅၄(ဃ)တို့ပါ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်၌ ဆန္ဒပြုရာတွင် နည်းဥပဒေ ၄၁(ခ)ပါအတိုင်း တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုရမည်။

(ခ) ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅(ဂ)ပါ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းရှိ တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်ကုသနေသူများနှင့် ရွေးကောက်ပွဲ နည်းဥပဒေ ၅၄(ဆ)ပါ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေအရ ကြိုတင်ဆန္ဒမဲပေးရာ၌ လွယ်ကူချောမွေ့စေရန်အတွက် ကြိုတင်ဆန္ဒမဲ လက်မှတ်ပေါ်တွင် မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတ အမှတ်အသား တည့်တည့်တွင်ရှိသည့် လေးထောင့်ကွက်အတွင်း၌ အမှန်(✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံး ရိုက်နှိပ်၍ ဆန္ဒပြုမည့်အစား အမှန်(✔) အမှတ်အသား ရေးခြစ်၍ ဆန္ဒပြုရမည်။ "

၆။ နည်းဥပဒေတွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ " ဆိုသည့် စကားရပ်ကို " ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နည်းဥပဒေပါ ပုံစံ(၁)၊ ပုံစံ(၁-၁)၊ ပုံစံ(၁-၂)နှင့် ပုံစံ(၁-၃) တို့၏ ရှင်းလင်းချက် အပိုဒ် (၃) တွင် ပါရှိသော " ယာယီသက်သေခံလက်မှတ်အမှတ် " ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ နည်းဥပဒေ ပုံစံ(၃)နှင့် ပုံစံ(၃-က) တို့တွင်ပါဝင်သော "ယာယီသက်သေခံ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မင်းလှမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များသွပ်မိုးလန်

မင်းလှ ဇွန် ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် လက်ပံရေကျော်ကျေးရွာအုပ်စု နှမ်းကုန်းကျေးရွာတွင် ဇွန် ၂၄ ရက်က မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် နှမ်းကုန်းကျေးရွာတွင် စုစုပေါင်း နေအိမ်ခြောက်လုံး သွပ်အမိုးလန်ပျက်စီးသွားပြီး လူနှင့်တိရစ္ဆာန်များ ဒဏ်ရာရသေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါပျက်စီးသွားသောနေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့သွားရောက်ပြီး ကျေးရွာသူ ကျေးရွာသားများအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပေါက်စ(iprd)

ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ရွေးကောက်ပွဲနှင့် သက်ဆိုင်သူအားလုံး လိုက်နာကြရမည်

ရန်ကုန် ၆နိ် ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဆွစ်ဇာလန်သံရုံးတို့ပူးပေါင်း၍ နိုင်ငံရေးပါတီများနှင့် လွတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လွတ်တော်ရေးရာကော်မတီများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၊ နိုင်ငံရေးပါတီများ၊ ကျင့်ဝတ်ရေးဆွဲရေးအထောက်အကူပြု လုပ်ငန်းကော်မတီ၊ နိုင်ငံတကာသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာအဖွဲ့များမှ တာဝန်ရှိသူ ၁၆၁ ဦး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဟောင်း Mr.Bojraj Pokharel က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အတွက် နိုင်ငံရေးပါတီများနှင့် လွတ်တော်ကိုယ်စားလှယ်လောင်းများ ကျင့်ဝတ်ကို နိုင်ငံရေးပါတီများ အားလုံး မိမိတို့ဆန္ဒအလျောက် ညှိနှိုင်းဆွေးနွေး ရေးဆွဲခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများက အခြေခံမူများချမှတ်၍ ယာယီရေးဆွဲ ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများအတွက် အဓိကကျသည့် အချက်ဖြစ်ပါကြောင်း၊ ကျင့်ဝတ်နှင့် အညီ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန် အုတ်မြစ်ချနိုင်ခဲ့ပြီဖြစ်ကြောင်း၊ စိန်ခေါ်မှုများ ရှိနေမည်ဖြစ်ကြောင်း၊ ကျင့်ဝတ်များကို အမှန်တကယ်လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကျင့်ဝတ်များကို မဖောက်ဖျက်ရန် ပါတီဝင်များကို ချပြထားမှသာ ဘက်လိုက်မှုကင်းသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ဖြစ်ရန် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့် ကျင့်ဝတ်အား အများပြည်သူသိရှိအောင် ဖြန့်ဝေရန်လိုကြောင်း၊ ပြည်သူလူထုက ရွေးကောက်ပွဲ အပေါ်ယုံကြည်မှုရှိရန် အဓိက ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သံအမတ်ကြီး ဟောင်း ဦးဝင်းလွင်က ယနေ့ကျင်းပ ပြုလုပ်သည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအတွက် လိုက်နာရမည့်ကျင့်ဝတ်များ ပေါ်ထွက်လာခြင်းနှင့်ပတ်သက်၍ ထူးခြားချက် (၃)ခုကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ရွေးကောက်ပွဲများနှင့် ကြားဖြတ် ရွေးကောက်ပွဲများကို အခါအားလျော်စွာ ကျင်းပခဲ့သော်လည်း ကျင့်ဝတ်များမရှိခဲ့ကြောင်း၊ ယခုကျင့်ဝတ်သည် အထွေထွေရွေးကောက်ပွဲ အတွက် ပထမဦးဆုံး ကျင့်ဝတ်ဖြစ်ကြောင်း၊ ၎င်းကျင့်ဝတ်ကို နိုင်ငံရေးပါတီ ကိုယ်စားလှယ်များက ပထမဦးဆုံးအကြိမ် စုပေါင်းညှိနှိုင်းရေးဆွဲ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်မကုန်မီ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် အချိန်ကိုက် ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း၊ ကျင့်ဝတ်တွင် အားနည်းချက်များ အထိုက်အလျောက် ရှိမည်ဖြစ်ကြောင်း၊ ယင်းအားနည်းချက်များအား နောင်ကျင်းပမည့် ရွေးကောက်ပွဲများမှ အတွေ့အကြုံများကိုရယူ၍ ပိုမိုကောင်းမွန်ရန် ပြုပြင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံ တစ်ဝန်းတွင် ရွေးကောက်ပွဲများ ကျင်းပရန် စတင်နေပြီဖြစ်ကြောင်း၊ အများယုံကြည်မှုရှိပြီး တည်ငြိမ်အေးချမ်းသည့် ရွေးကောက်ပွဲဖြစ်ရန် နိုင်ငံသားအားလုံးတွင်လည်း တာဝန်ရှိပါကြောင်း၊ ကျင့်ဝတ်စာတမ်းပေါ်ထွက်လာရန် နာရီပေါင်းများစွာ ဆွေးနွေးခဲ့ပြီး မူကြမ်းများစွာကို ရေးဆွဲခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို လွတ်လပ်စွာရေးဆွဲခွင့်ပေးခဲ့ပြီး နိုင်ငံရေးပါတီများကလည်း မိမိကိုယ်ကို စည်းကမ်းသတ်မှတ်ခြင်းကို ညီညီညွတ်ညွတ် ဆွေးနွေးတိုင်ပင်ဆောင်ရွက်ခြင်းက အတုယူစရာဖြစ်သလို ကောင်းမွန်သောလုပ်ရပ်ဖြစ်ကြောင်း၊ ယခုဆိုလျှင် အလုပ်နှင့် သက်သေပြရမည့် အချိန်ရောက်ပြီဖြစ်၍ ကျင့်ဝတ်များကို လိုက်နာရန် ကတိကဝတ်ပြုခြင်းဖြစ်ကြောင်း၊ ဥပဒေအရ ချုပ်ကိုင်ခြင်းမရှိသော်လည်း မလိုက်နာလျှင် ဆိုးကျိုးများရှိနိုင်သလို လိုက်နာလျှင် ကောင်းကျိုးများလည်း ရှိမည်ကို သိရန်လိုအပ်ကြောင်း၊ မိမိအနေဖြင့် ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန် ကာလများတွင် ကျင့်ဝတ်နှင့်ပတ်သက်၍ လိုအပ်ချက်များကို ကူညီဆောင်ရွက်နေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ **(အပေါ်ပုံ)** က အမှာစကားပြောကြားရာ၌ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ပြည်သူလူထုအနေဖြင့် လေးစားလိုက်နာရမည့်ဥပဒေများရှိကြောင်း၊ မြန်မာမှုနယ်ပယ်တွင် ဥပဒေကဲ့သို့လိုက်နာရန် ပြဋ္ဌာန်းထားခြင်း မဟုတ်သော်လည်း လူတစ်ဦးချင်းအနေဖြင့် မိမိကိုယ်ကိုမိမိ ထိန်းကျောင်းရမည့် ကျင့်ဝတ်ပေါင်း များစွာရှိကြောင်း၊ ထို့အတူ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားကြောင်း၊ ယင်းဥပဒေ၊ နည်းဥပဒေများကို ရွေးကောက်ပွဲနှင့်သက်ဆိုင်သူအားလုံး လိုက်နာကြရမည်ဖြစ်ပြီး နိုင်ငံရေးပါတီများလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ အချင်းချင်းသော်လည်းကောင်း၊ ရွေးကောက်ခံမည့် လွတ်တော်ကိုယ်စားလှယ်လောင်း အချင်းချင်းသော်လည်းကောင်း နားလည်မှုရှိရှိ၊ ချစ်ချစ်ခင်ခင်နှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ရည်ရွယ်ပြီး ယနေ့လက်မှတ်ရေးထိုးနိုင်ခဲ့သည့်ကျင့်ဝတ်ကို နိုင်ငံရေးပါတီများအချင်းချင်း ညှိနှိုင်းဆွေးနွေးသဘောတူ ရေးဆွဲနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလိုအောင်မြင်ပြီးမြောက်အောင် ရေးဆွဲနိုင်ရေးအတွက် ဆွစ်ဇာလန်သံရုံးနှင့် သံရုံးအဖွဲ့ဝင်များက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ပါကြောင်း၊ ရေးဆွဲရာမှာ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ နိုင်ငံရေးပါတီများအားလုံးမှ ဆုံးဖြတ်ခဲ့သော အခြေခံမူများကို အခြေခံခဲ့ပါကြောင်း၊ ယာယီလုပ်ငန်းကော်မတီ ဖွဲ့စည်းပြီး အစည်းအဝေးပေါင်းများစွာ အကြံပြုဆွေးနွေးမှုပေါင်းများစွာနှင့်အတူ မူကြမ်းရေးဆွဲခဲ့ပါကြောင်း၊ မူကြမ်းကို ၂၀၁၅ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ နိုင်ငံရေးပါတီများအားလုံးနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် ဧပြီလတွင် ဥပဒေကြောင်းဆိုင်ရာ သုံးသပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် မေလ ၁၅ ရက်တွင် ညှိနှိုင်းဆွေးနွေး အားလုံး သဘောတူညီမှုရရှိခဲ့ကြောင်း။

ဤကျင့်ဝတ်သည် ဥပဒေကြောင်းအရ စည်းနှောင်မှုမရှိဘဲ ဥပဒေသက်သေခံတစ်ခုအဖြစ် အသုံးပြု၍ ဥပဒေကြောင်းအရ အရေးယူခြင်း သို့မဟုတ် တရားစွဲဆိုခြင်းမပြုနိုင်ကြောင်း၊ သို့သော်လည်း နိုင်ငံရေးပါတီများအနေဖြင့် ထားရှိသည့် ကတိကဝတ်အဖြစ် လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများအားလုံး သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ အတွက်ကျင့်ဝတ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သော ဆွစ်ဇာလန်သံရုံးနှင့် အဖွဲ့ဝင်များ၊ နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်း Mr.Bojraj Pokharel၊ သံအမတ်ကြီးဟောင်း ဦးဝင်းလွင်နှင့် နိုင်ငံရေးပါတီများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ကျင့်ဝတ်များနှင့်အညီ အချင်းချင်း နားလည်မှုရှိရှိ ချစ်ချစ်ခင်ခင်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်း၍ လွတ်လပ်မျှတသော ရွေးကောက်ပွဲအဖြစ် ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်နိုင်ခဲ့သည့် နိုင်ငံရေးပါတီ (၆၇)ပါတီ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးထွက်ခွာ

နေပြည်တော် ၆နိ် ၂၆

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားတပ်မတော် ဒုတိယစစ်ဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ် General Meas Sophea ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက်ရန်အတွက် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူးတို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်သန်းသန်းနွယ်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမင်းထွန်းနှင့် တပ်မတော်အရာရှိကြီးများ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

■ *ကျောဖုံးမှ*

သည် ဂျပန်နိုင်ငံမှ မာစာကတ်ဆုဥအေဒါနှင့် ကိုရီးယားမှ ဒေဟွန်ခင်မ်တို့ကို အလဲထိုးကာ ကမ္ဘာ့ချန်ပီယံဆုကို ဆက်လက်ထိန်းထားသူဖြစ်သလို စိန်ခေါ်သူ ဖင်လန်နိုင်ငံသား တိုနီဟာလည်း ကမ္ဘာ့အတော်ဆုံး ဖမ်းချုပ်သူတစ်ဦးဖြစ်တာကြောင့် ၎င်းတို့နှစ်ဦးသည် ONE: KINGDOM OF WARRIORS ပြိုင်ပွဲကြီး၏ ပွဲကြီးပွဲကောင်းတစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်မှုမြင်ကွင်းကို တွေ့မြင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲနှင့်အတူ အမျိုးသမီး Mixed Martial Art (MMA- စုပေါင်းကိုယ်ခံပညာ)ပြိုင်ပွဲတစ်ပွဲလည်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အိမ်ရှင်မြန်မာနိုင်ငံ အနေဖြင့် ယင်း ONE: KINGDOM OF WARRIORS ပြိုင်ပွဲကြီးတွင် နိုင်ငံကိုယ်စားပြု MMA မျိုးဆက်သစ်များပေါ်ထွန်းလာရေးအတွက် တွဲဆိုင်းလေးဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာတွဲဆိုင်းများသည် မြန်မာ့ရိုးရာ လက်ဝှေ့သမားများဖြစ်သော်လည်း ONE: KINGDOM OF WARRIORS ပြိုင်ပွဲစည်းကမ်းအတိုင်း ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့နည်းနှင့် နည်းနည်း ကွာဟမှုရှိသော်လည်း MMA မျိုးဆက်သစ်ပေါ်ထွန်းလာရေးအတွက် ထည့်သွင်းထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲကို အဓိကရည်ရွယ်လက်ခံ ကျင်းပတာကတော့ ကျွန်တော်တို့ မြန်မာ့ရိုးရာ လက်ဝှေ့သမားတွေအနေနဲ့ နိုင်ငံကိုယ်စားပြု MMA မျိုးဆက်သစ် ပေါ်ထွန်းလာဖို့ ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာ့ရိုးရာ လက်ဝှေ့သမားတွေဟာ ရိုးရာလက်ဝှေ့ပွဲကိုပဲ အမှီပြုရပ်တည်နေရတာ။ မြန်မာနိုင်ငံရဲ့ MMA မျိုးဆက်သစ်ပေါ်လာပြီဆိုရင် သူတို့တွေ အခုလိုကမ္ဘာ့ MMA ပွဲတွေမှာ ပါဝင်ထိုးသတ်ခွင့်ရမယ်။ ပြောရရင် ရိုးရာလက်ဝှေ့သမားတွေအနေနဲ့ ကမ္ဘာ့အဆင့် လက်လှမ်းမီဖို့ အခွင့်အရေးတစ်ရပ် ပေးလိုက်တာဖြစ်တယ်"ဟု မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောကြားသည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကျင်းပမည့် ONE: KINGDOM OF WARRIORS ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့မှ ဖယ်သာဝိတ်တန်းနှင့် လိုက်ဝိတ်တန်းနှစ်တန်းမှ တွဲဆိုင်းလေးဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။ ဖယ်သာဝိတ်တန်းတွင် မင်းထက်ဇော်(တိုက်ဂါး)နှင့် မျိုးမာန်သစ် (STL)၊ လှစ်လှစ်လေး(ဝါဆို)နှင့် သပြေညို(ဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး လိုက်ဝိတ်တန်းတွင် စောဘဦး(တောင်ကလေး)နှင့် ဒေါနအောင် (အဖြူရောင်သွေးသစ်)၊ သွေးသစ်အောင်(ရွှေကုက္ကိုလ်)နှင့် စောသဲဦး(STL)တို့ ထိုးသတ်မည်ဖြစ်သည်။ အဆိုပါ တွဲဆိုင်းလေးဆိုင်းမှ ရွှေခါးပတ်ဆုရှင်နှစ်ဦးကို ထိုင်းနိုင်ငံသို့ စေလွှတ်၍ (MMA)ပေါင်းစုံ ကိုယ်ခံပညာရပ် လေ့ကျင့်သင်ကြားနိုင်ရန် ပွဲဖြစ်မြောက်ရေး ပူးတွဲတာဝန်ယူသည့် ကိုဇေယျာသီဟက တာဝန်ခံစေလွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အတွက် ဒါကတကယ့်အခွင့်အရေးကောင်းတစ်ရပ်ပါ။ MMA ပွဲတွေကို TVကပဲ ကြည့်ခွင့်ရခဲ့ပါတယ်။ အခုလို MMA ပွဲကို တက်ရောက်ထိုးခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ MMA ပွဲတွေမှာ ကျွန်တော်တို့ မြန်မာနိုင်ငံကိုယ်စားပြု ထိုးသတ်နေတဲ့ အောင်လစန်းဟာ အခုဆိုရင် ကမ္ဘာ့အဆင့်မှာ ထင်ပေါ်နေပါပြီ။ သူ့လို ကမ္ဘာကသိအောင် ကြိုးစားသွားဖို့ ဆုံးဖြတ်ထားတာမို့ ကျွန်တော့်အနေနဲ့ရေကုန်ရေခန်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်မှာပါ"ဟု ယနေ့ပြုလုပ်သည့် အထက်ပန်းဆိုးတန်းလမ်းရှိ Rose Garden Hotel ၌ ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲတွင် ONE: KINGDOM OF WARRIORS ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ့ရိုးရာ လက်ဝှေ့ကျော် ဒေါနအောင်ကဆိုသည်။

ယင်းပြိုင်ပွဲတွင် (MMA)ပြိုင်ပွဲကို စိတ်ဝင်စားသည့် ကမ္ဘာ့နိုင်ငံအများစုမှ ပရိသတ်အများအပြား လာရောက်ကြည့်ရှုမည်ဖြစ်ရာ မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာ့အလယ်သို့ ပျံ့နှံ့စေရန် တွဲဆိုင်းကောင်းတစ်တွဲဖြစ်သည့် ဖျံသွေး(ဝါဆို)နှင့် စိုးထက်ဦး(အဖြူရောင်သွေးသစ်)တို့၏ မကျေပွဲကိုလည်း ပြန်လည်ယှဉ်ပြိုင်ထိုးသတ်ရန် ထည့်သွင်းထားသည်။

ONE: KINGDOM OF WARRIORS ပြိုင်ပွဲကြီးတွင် ပြည်တွင်း ပြည်ပမှ အားပေးကြည့်ရှုလိုသည့် ပရိသတ်များအနေဖြင့် VIP ငွေကျပ် ၅စ်သိန်း၊ အထူးတန်းငွေကျပ် ငါးသောင်း၊ အလတ်တန်းငွေကျပ်နှစ်သောင်းခွဲနှင့် ရိုးရိုးတန်းငွေကျပ် တစ်သောင်း သတ်မှတ်ထားပြီး လက်မှတ်များကို 1876 Hotline နှင့် Ticket Sale Centerများတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ယခုနှစ် မေလကုန်အထိ တောင်ကိုရီးယားခရီးသွား ၂၈၀၈၈ ဦး မြန်မာပြည်သို့ လာရောက်လည်ပတ်

နေပြည်တော် ဇွန် ၂၆

တောင်ကိုရီးယားနိုင်ငံ ဆိုလ်းမြို့ရှိ လောတယ် (Lotte) ဟိုတယ်၌ ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ အာဆီယံ-ကိုရီးယား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ၂၀၁၅ ကျင်းပရာ အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက်ပိုင်းကကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေနှင့် အာဆီယံ-ကိုရီးယားစင်တာမှ အထွေထွေအတွင်းရေးမှူး Mr. Kim Young Sun တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထိုနေ့တွင်ပင် အာဆီယံနိုင်ငံ အသီးသီးတို့မှ မိမိတို့နိုင်ငံ၏ စိတ်ဝင်စားဖွယ်ရာ ကောင်းသော ခရီးစဉ်ဒေသများကို ဗီဒီယို၊ ပြကွက်တိုဖြင့်ပြသရာ မြန်မာနိုင်ငံအနေဖြင့်လည်း ပုဂံ၏ယဉ်ကျေးမှုလက်ရာအလှများ၊ စေတီပုထိုးများ၊ မန္တလေးနန်းတွင်းလက်ရာများ၊ အမရပူရရှိ ဦးပိန်တံတားအလှများ၊ ဧရာဝတီတိုင်းဒေသကြီးရှိ ချောင်းသာ၊ ငွေဆောင်ကမ်းခြေတို့နှင့် ရခိုင်ပြည်နယ် ငပလီကမ်းခြေတို့၏အလှ၊ ရှမ်းပြည်နယ် အင်းလေးကန်၏ ဒေသခံများလှေလှော်ခြင်း၊ ငါးဖမ်းခြင်း၊ ကျွန်းမျောစိုက်ခင်းများတွင် စိုက်ပျိုးထားမှုများ၊ ရေပေါ်စျေးတွင် သစ်သီးဝလံရောင်းဝယ်နေမှုများကို စိတ်ဝင်စားဖွယ်ရာများအဖြစ် တင်ပြသည်။

အဆိုပါဆွေးနွေးပွဲသို့ ကိုရီးယားနိုင်ငံရှိ မြန်မာနိုင်ငံနှင့် ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်နေသော ခရီးသွားကုမ္ပဏီများမှ လုပ်ငန်းရှင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တင်ပြချက်များကို စိတ်ဝင်စားကြသဖြင့် လာရောက်ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံသို့ ကိုရီးယားနိုင်ငံမှ လာရောက်သော အရေအတွက်မှာ ၂၀၁၄ ခုနှစ်တွင် ၅၈၄၇၂ ဦးရှိပြီး ၂၀၁၅ ခုနှစ် မေလကုန်အထိ ၂၈၀၈၈ ဦးရှိသဖြင့် ယခုကဲ့သို့ အာဆီယံ-ကိုရီးယားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ၂၀၁၅ ကိုမှီငြမ်းပြီး ယခု ၂၀၁၅ ခုနှစ်တွင် ကိုရီးယားနိုင်ငံမှ ဧည့်သည်များ ပိုမိုဝင်ရောက်လာမည်ဟု မျှော်မှန်းသည်။

ဇွန် ၃ ရက်တွင် ကိုရီးယားနိုင်ငံမှ HANA Tour ကုမ္ပဏီ၏စီစဉ်မှုဖြင့် အင်းလေးဒေသသို့ ကိုရီးယားနိုင်ငံသား ၆၃ ဦးပါဝင်သော ခရီးသည်အဖွဲ့လာရောက်ခဲ့သည်ကို တွေ့ရှိရသည်။ တောင်ကိုရီးယားခရီးသွားလုပ်ငန်းအဖွဲ့မှလည်း ၎င်းတို့နိုင်ငံအား အာဆီယံနိုင်ငံများမှ လာရောက်သော ဧည့်သည်များ တစ်နှစ်ထက်တစ်နှစ်များပြား တိုးတက်မှုရှိလာပါကြောင်း၊ ကိုရီးယားနိုင်ငံမှ ဧည့်သည်များအနေဖြင့် အာဆီယံနိုင်ငံများသို့ သွားရောက်လည်ပတ်မှုနှုန်းမှာလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာလျက်ရှိသည့်အတွက် ဝမ်းမြောက်ပါကြောင်းဖြင့် တောင်ကိုရီးယားခရီးသွားလုပ်ငန်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပလျက်ရှိ

နေပြည်တော် ဇွန် ၂၆

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိပြီး ဇူလိုင် ၆ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာကုန်သည်များသည် သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်စိမ်းများနှင့် ကျောက်မျက်ရတနာများကို လွတ်လပ်စွာ ကြည့်ရှုလေ့လာကြပြီး ကျောက်စိမ်းတင်ဒါပုံးများအတွင်း အဆိုပြုလွှာများ တင်သွင်းကြသည်။

ယခု (၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၈၉၄၃ တွဲ၊ ကျောက်မျက်ရတနာအတွဲပေါင်း ၃၂၃ တွဲကို ခင်းကျင်းပြသထားပြီး စျေးပြိုင်စနစ်၊ တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဘုန်းတော်ကြီးသင်ကျောင်းသို့ ထောက်ပံ့ငွေလှူ

နေပြည်တော် ဇွန် ၂၆

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာအုပ်စု ကျောင်းစုကျေးရွာကျောင်းစုလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ဘုန်းတော်ကြီးသင်မူလတန်းလွန်ကျောင်းသို့ ယနေ့ နံနက်က နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ငွေနှင့် ဆိုလာမီးအိမ် လှူဒါန်းသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ်တာဝန်ခံ ဦးသန်းဌေးကငွေကျပ် ၄၆၈၀၀၀၀ ကိုလည်းကောင်း၊ နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာနမှူးက ဆိုလာမီးအိမ်ကိုလည်းကောင်း ဆရာတော်အရှင်သုမနမောဠိထံသို့ ဆက်ကပ်လှူဒါန်းခဲ့သည်။ **မောင်မွေး**

မဲဆန္ဒရှင်စာရင်းများ ကြေညာ

သဲကုန်း ဇွန် ၂၆

အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲစာရင်းများကို ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများ၌ ဇွန် ၂၂ ရက်မှစ၍ ဇူလိုင် ၅ ရက်အထိ ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။ ဒေသခံပြည်သူများအနေဖြင့် ကြေညာထားသော မဲဆန္ဒရှင်စာရင်းများကို လာရောက်ကြည့်ရှုကြရန်နှင့်မဲစာရင်းတွင် အမည်မပါရှိပါက လာရောက်ဖြည့်စွက်လျှောက်ထားရန်နှင့် မှားယွင်းမှုများရှိပါက ပြင်ဆင်လျှောက်ထားနိုင်ကြောင်း၊ သေဆုံးသူများ၊ ရွှေ့ပြောင်းသွားသူများ မဲစာရင်းတွင်ပါရှိပါက ပယ်ဖျက်ရန် ရပ်ကွက်အတွင်းအသံချဲ့စက်များဖြင့် လှည့်လည်အသိပေးထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြစိမ်းရောင်စိမ်ကိန်းလုပ်ငန်းများ ဆောင်ရွက်

မန်စီ ဇွန် ၂၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ ရီခူးမန်ခံကျေးရွာ၊ မံသဲကျေးရွာ၊ ကံကြီးကျေးရွာတို့သည် မြစိမ်းရောင်ကျေးရွာ ပထမနှစ်စီမံကိန်းကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခုနှစ်ဒုတိယနှစ်စီမံကိန်းများအား အရှိန်အဟုန်မြှင့် တိုးမြင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဇွန် ၂၄ ရက်က မြို့နယ်ဦးစီးမှူး ဦးဌေးမြင့် ဦးဆောင်လျက် ဝန်ထမ်းများသည် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇွန် ၂၆ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံစျေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဇွန် ၂၆ ရက်၊ သောကြာနေ့ စျေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံစျေးနှုန်းများ

စဉ်	အမျိုးအစား	ထွက်ရှိရာဒေသ	ယူနစ်	စျေးကွက်	စျေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး
၁	ပေါ်ဆန်း(ဆန်)	နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၃၃၀၀၀ မှ ၄၅၀၀၀
၂	ဇီရာ/ဧည့်မထ(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၇၀၀၀ မှ ၂၁၀၀၀
၃	ငစိန်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၇၃၀၀ မှ ၁၈၅၀၀
၄	မြီးတုံး(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၆၅၀၀ မှ ၂၈၀၀၀
၅	ဆင်းသွယ်လတ်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၂၀၀၀ မှ ၂၂၅၀၀
၆	ကောက်ညှင်း(ဆန်)	ဘိုကလေး	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၈၅၀၀ မှ ၂၃၀၀၀
၇	မတ်ပဲ (FAQ)(ပဲ)		တစ်တန်	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၃၁၆၀၀၀
၈	ပဲတီစိမ်း(ပဲ)	နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ)	တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၁၅၀၀၀ မှ ၁၃၅၀၀၀
၉	နှမ်းနက်(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၈၈၀၀၀ မှ ၁၃၀၀၀၀
၁၀	နှမ်းညိုရောင်(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၈၀၀၀၀
၁၁	နှမ်းဖြူ(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၉၆၀၀၀ မှ ၁၀၆၀၀၀
၁၂	ကြက်သွန်နီ	ဆိပ်ဖြူ၊ ပခုက္ကူ	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၄၂၅ မှ ၆၂၅
၁၃	ကြက်သွန်ဖြူ	ကြေကုတ်	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၀၀ မှ ၂၀၇၀
၁၄	ကြက်သွန်ဖြူ	အောင်ပန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၀၀ မှ ၂၆၀၀
၁၅	အာလူး	ဟဲဟိုး	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၄၀၀ မှ ၈၁၀
၁၆	ကျွဲကောသီး		တစ်လုံး	သီရိမဂ်လာစျေးကုန်စည်ဒိုင်	၅၀၀ မှ ၁၅၀၀
၁၇	သရက်သီး(ရင်ကွဲ)		တစ်တောင်း	သီရိမဂ်လာစျေးကုန်စည်ဒိုင်	၁၀၀၀၀ မှ ၁၅၀၀၀
၁၈	သရက်သီး (စိန်တလုံး)		တစ်ဖာ	သီရိမဂ်လာစျေးကုန်စည်ဒိုင်	၈၀၀၀ မှ ၁၅၀၀၀
၁၉	ပိန္နဲသီး		တစ်လုံး	သီရိမဂ်လာစျေးကုန်စည်ဒိုင်	၇၀၀၀ မှ ၁၃၀၀၀

လယ်ယာစိုက်ပျိုးရေးနှင့် စျေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် ၌ ခရီးသည်တင်အမြန်ယာဉ်များ ယာဉ်မတော်တဆမှုနှစ်ရက်ဆက်ဖြစ်ပွား

နေပြည်တော် ဇွန် ၂၆

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် ၌ ခရီးသည်တင် မှန်လုံမော်တော်ယာဉ်ကြီးများ နှစ်ရက်ဆက်တိုက် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များမှာ ဇွန် ၂၅ ရက် နံနက် ၄ နာရီခန့်က မိုင်တိုင်အမှတ် ၂၈၇/၂ နှင့် ၂၈၇/၃ အကြား ရန်ကုန်မှ မန္တလေးသို့သွားသည့် ယာဉ်မောင်း ဦးကျော်မိုးအောင် မောင်းနှင်သော ခိုင်မန္တလေးမှန်လုံယာဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ယနေ့ နံနက် ၅ နာရီခွဲခန့်၌ မိုင်တိုင်အမှတ် ၂၅၁/၁ နှင့် ၂၅၁/၂ကြား နေပြည်တော်မှ မန္တလေးသို့သွားသည့် ယာဉ်မောင်း ဦးအေးမင်း မောင်းနှင်သော ရွှေစင်စက်ြာမှန်လုံယာဉ်မှာ **(ယာဝုံ)**အရှိန်အထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ဘာရီယာ တုံးနှင့် Road Curb တုံးများကို ဝင်တိုက်မိကာ တစ်ပတ်လိမ့်၍ လမ်းလယ်ကျွန်းပေါ် သို့ပြန်ကျပြီး ရပ်တန့်ခဲ့သည်။

အဆိုပါမော်တော်ယာဉ်ပေါ်တွင် ခရီးသည်အနည်းငယ်သာပါရှိပြီး ခရီးသည် အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး တစ်ဦး ဒဏ်ရာများရရှိကာ မော်တော်ယာဉ်မှာလည်း ပျက်စီးခဲ့သည်။ ၎င်းယာဉ်မတော်တဆမှုများနှင့်ပတ်သက်၍ ယာဉ်မောင်းများအား သက်ဆိုင်ရာနယ်မြေပိုင် အမြန်လမ်းရဲစခန်းများက အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် မိုးများအဆက်မပြတ် နေရာအနှံ့ ရွာနေသဖြင့် အမြန်လမ်းကို အသုံးပြုသွားလာနေကြသော ယာဉ်မောင်းများအနေဖြင့် မိမိ၏မော်တော်ယာဉ်အား မထွက်ခွာမီ စစ်ဆေးသင့်သည်များကို စစ်ဆေးသင့်ကြောင်း၊ ခရီးသည်တင် မှန်လုံယာဉ်မောင်းများအနေဖြင့် အမြန်လမ်းသုံး ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရေးအတွက် မိမိမော်တော်ယာဉ်ကို စီးနင်းလိုက်ပါကြသည့် ခရီးသည်များ၏ အသက်အန္တရာယ်မဖြစ်ပေါ်စေရေး ယာဉ်မောင်းများ ဂရုတစိုက်မောင်းနှင်သင့်ကြောင်း အမြန်လမ်းတွင်သွားလာသူ ခရီးသည်တစ်ဦးက ပြောသည်။

မျိုးဇေယျာ(ပျဉ်းမနား)

ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့

သံတွဲ၌ ရေကြီးရေလျှံ

သံတွဲမြို့၌ ဇွန် ၂၅ ရက်မှစ၍ မိုးများအဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်များအတွင်း ရေများ ဝင်ရောက်ပြီး အိမ်အချို့ ရေနစ်မြုပ်ကာ ရေကြီးရေလျှံဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-အောင်ဗိုလ်ဗိုလ်

မိုးသည်းထန်၍ တောင်ကျရေများကြောင့် တောင်ကုတ်မြို့နယ် ရပ်ကွက်များ ရေကြီးရေလျှံမှုဖြစ်

တောင်ကုတ် ဇွန် ၂၆

တောင်ကုတ်မြို့နယ်၌ ဇွန် ၂၄ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် တောင်ကုတ်ချောင်းမှ တောင်ကျချောင်းရေများ မြို့ပေါ်(၄)ရပ်ကွက်အတွင်း အဆက်မပြတ် စီးဝင်လာမှုကြောင့် ဇွန် ၂၆ ရက် နံနက် ၁၀ နာရီမှ ယခုအချိန်ထိ လူနေအိမ်အချို့နှင့် မြို့တွင်းလမ်းမကြီးများရှိ ရေသုံးပေကျော်ခန့် နစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုကြောင့် စျေး၊ ကျောင်းများနှင့် ရုံးဌာနအချို့မှာ ပိတ်ထားရပြီး မြို့ပေါ် ပတ်ဝန်းကျင်ကျေးရွာအချို့တွင်လည်း ရေကြီးနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝန်ထမ်းအလိုရှိသည်

ရွှေတောင်ပေါ်အုပ်စုကုမ္ပဏီလီမိတက်မှ ရန်ကုန်၊နေပြည်တော်နှင့်အခြားနယ်မြေများတွင် တာဝန်ထမ်းဆောင်နိုင်သော အောက်ပါဝန်ထမ်းများကိုအမြန်ဆုံး ခန့်အပ်လိုပါသည်။

၁။ SiteEngineer (ကျား/မ ၁၀ ဦး)
BE/B.Tech/AGTI(Civil) ဖြစ်ရမည်။လုပ်သက်အနည်းဆုံးသုံးနှစ် ဖြစ်ရမည်။ မည်သည့်နယ် ဆိုက်တွင်မဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

၂။ QA/QC Engineer (ကျား/မ ၁၀ ဦး)
BE/B.Tech / AGTI(Civil)ဖြစ်ရမည်။Drawing/Estimate/Auto CAD 2D, 3D ရေးဆွဲနိုင်သူ ဖြစ်ရမည်။ ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

၃။ Supervisor (ကျား ၅ ဦး)
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။ လုပ်သက်အနည်းဆုံး၁၊၆နှစ် ဖြစ်ရမည်။ ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။

၄။ JuniorAccountant (မ - ၅ ဦး)
B.Com(or)LCCI Level-2 ရရှိပြီးသူ ဖြစ်ရမည်။ လုပ်သက်အနည်းဆုံး နှစ်နှစ်ဖြစ်ရမည်။ နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။ Computer-Microsoft Word, Excel ကို ကျွမ်းကျင်စွာအသုံးပြုနိုင်သူ ဖြစ်ရမည်။ ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။

၅။ StoreKeeper (ကျား/မ - ၅ ဦး)
တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိထားသူ ဖြစ်ရမည်။ လုပ်သက်အနည်းဆုံး နှစ်နှစ်ဖြစ်ရမည်။ ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၆။ Driver (ကျား ၁၀ ဦး)
အတွေ့အကြုံအနည်းဆုံးနှစ်နှစ်ရှိသူ၊ လိုင်စင်(ဃ)၊(င)ဦးစားပေးမည်။ ကားကြီး ကားသေးမျိုးစုံ(Auto/Manual)၊ စည်းကမ်းအတိုင်း မောင်းနှင်နိုင်ပြီး အသောက်အစားကင်းရှင်းသူ ဖြစ်ရမည်။

လျှောက်ထားသူများအနေဖြင့် ဓာတိပုံ၊ မှတ်ပုံတင်မိတ္တူ၊သက်ဆိုင်ရာ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်နှင့် အခြားသက်ဆိုင်ရာစာရွက်စာတမ်းများပူးတွဲ၍ အောက်ပါလိပ်စာများသို့ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

(ရန်ကုန်ရုံး) တိုက်(ဒီ-၁)၊ အခန်း၃၀၆၊ ဒယ်တာပလာဇာ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၅၈၈၅၅၊ ၀၉-၇၃၀၈၂၇၂၇၊ ၀၉-၇၃၀၉၂၇၂၇
(နေပြည်တော်ရုံး)သပြေလမ်း၊ ရွာသစ်ကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး အနီး၊ ဖုန်း-၀၆၇-၅၅၀၄၄၀၊ Email Address-eastembgroup@gmail.com

ဦးသန့်ဇော် B.Sc.IC.Q,DA. DMP, MBA. ACCA (pro)

LCCI I , II & III

အတန်းအသစ် 29 June 2015 စမည်

I & II Sec (B): Mon to Wed 6:00 - 7:45 pm (၃)လပြတ်
Sec (D): Mon to Wed 7:00 - 8:30 am

ORION ၈၊ ပ-ထပ်၊ ပြည်လမ်း၊ ရေပြိုကုန်း၊ စမ်းချောင်း။ 09 5115997

ဒုတိယတန်းတက်ခွင့်ရ

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာ အထက ရွာသစ်၊ ဆဋ္ဌမတန်း(က)မှ စလော်ပန်(ဘ)ဦးအောင်ဌေးဝင်းအား ယနေ့မှစ၍ စပြည်စုံဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **စပြည်စုံဝင်း**

ဂုဏ်ပြုအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းလမ်းရှိ Mobile Villa Phone & Services ဆိုင်မှ Phone နှင့် ဆက်စပ်ပစ္စည်းတန်ဖိုးကျပ်သိန်း ၉၀ ခန့်အား ၁၆-၆-၂၀၁၅ရက်တွင် ခိုးယူသွားမှုအပေါ် အချိန်ငါးနာရီခန့်အတွင်းဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သည့် သန်လျင်မြို့နယ် ရဲစခန်းမှ ရဲအုပ်အောင်နိုင်နှင့် အရာခံ၊ အကြပ်များ၊ စခန်းမှူး၊ မြို့နယ်မှူးတို့အား Mobile Villa မိသားစုမှ ကျေးဇူးဥပကာရတင်ရှိကြောင်း ဂုဏ်ပြုဖော်ပြအပ်ပါသည်။

Mobile Villa မိသားစု

မွေးသက္ကရာဇ် အမှန်

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ရန်မျိုးအောင် ရပ်ကွက်(၄-က)နေ ဦးသန်းဝင်း၏သမီး မရွှေပါဖိုး ၁၀/ကမရ(နိုင်)၁၄၂၆၁၀၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၈-၉၁ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်ပျဉ်းမနားအမှတ်(၁)မြို့မစျေး၊ စျေးဆိုင်ခန်းအမှတ် C1 က-၁၂၀၊၁၂၁အားပျဉ်းမနားမြို့ရွှေချီရပ်ကွက်၊ ရွှေချီ ၇ လမ်း၊ အမှတ် ၆/၆၄နေ ဦးကြည်လှ ၉/ပမန(နိုင်)၀၁၉၂၉၇ အမည်ပေါက် ပိုင်ဆိုင်ပြီး သားတော်စပ်သူ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ရွှေချီ ၇လမ်း၊ အမှတ် ၆/၆၄ နေ ဦးနောင်နောင်၉/ပမန(နိုင်)၁၇၃၃၀စသို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် စျေးများဌာန နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရှုပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

စျေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်မ မမြူ နွယ်ဝင်း(၁၂/ဥကမ(နိုင်)၂၂၃၃၉၅)၏ PP No.MA038675 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၉၀၁၁၄၄

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ဗန်းမော်တက္ကသိုလ် အဝေးသင်ဌာန (ဒုတိယနှစ်အင်္ဂလိပ်စာ)မှ မဇေနော ၁/ရကန(နိုင်)၀၆၅၅၄၂၊ ရွှေကူမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(A)မှ မဇေနန်း ၁/ရကန(နိုင်)၀၆၅၅၄၃၊ သတ္တမတန်း(A)မှ မောင်တန်ဘောင်ဇေခေါင်၊ ပဉ္စမတန်း(B)မှ မတန်ဘောင်ဇေညွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးဒေါင်ဇယ် ၁/ကမန(နိုင်)၀၃၈၇၀၂ ဖြစ်ပါကြောင်း။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(မအူပင်)
စက်ပစ္စည်းများနှင့် ပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့် တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Crimping Tools	(၅)ခု
2.	DC Power Supp	(၂)ခု
3.	Printer(Cannon)	(၃)လုံး
4.	Fax(Cannon)	(၁)လုံး
5.	Scanner	(၂)လုံး
6.	Copier(Cannon)	(၁)လုံး
7.	UBIQUITI Nano Station LOCO M2 Acesspoint	(၆)ခု
8.	Unmanaged Switch 16 Ports Giga Bits	(၁)ခု
9.	Air Con	(၄)လုံး
10.	Desktop Computer Dell(Core i7)	(၃၀)လုံး
11.	Laptop Dell(Core i7)	(၁၀)လုံး
12.	Digital Oscilloscope(200MHz)	(၄)လုံး
13.	Digital White Board	(၁)ခု
14.	Duplo(စာကူးစက်)	(၁)လုံး
15.	Locker(၁၂ ပေါက်)	(၁၀)လုံး
16.	ဗီရိုကျွန်း)3'x2'x6'	
17.	အရာရှိစားပွဲ(ကျွန်း)(5'x3'x2'6")	
18.	အစည်းအဝေးခန်းသုံးစားပွဲနှင့် ကုလားထိုင်(လူ ၂၀ဦး)(ကျွန်း)	(၁)စုံ
19.	ဆက်တီ(ကျွန်း)	(၂)စုံ
20.	Long High Desk(6'x1.6"x16mmx2.9")	(၅၀)စုံ
	Long Low Desk(5.8'x1'x16mmx1.6")	

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မအူပင်)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၈-၇-၂၀၁၅ရက် ၁၆:၀၀နာရီနောက်ဆုံးထားရှိ တင်ဒါများတင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(မအူပင်)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)
ဖုန်း-၀၄၅-၃၀၁၁၅၊ ၀၄၅-၃၀၃၆၄

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နယ်မြေတစ်ခုလုံး ဝိုင်ဖိုင်ရရှိအောင် ဆောင်ရွက်မည်

ရန်ကုန် ဇွန် ၂၆

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ တက္ကသိုလ်နယ်မြေတစ်ခုလုံးတွင် ဝိုင်ဖိုင်ရရှိအသုံးပြုနိုင်ရန် ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း နှင့် e-Library စနစ်ကိုလည်း တပ်ဆင်ရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်မှာ e-Government လုပ်ငန်းအကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်က ကျပ်သိန်း ၂၀၀ ထောက်ပံ့ခဲ့ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို အကူအညီတောင်းခံရာမှာ အရှေ့ပိုင်းတက္ကသိုလ်က အနည်းငယ်လှမ်းတဲ့အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကေဘယ်ဝါယာတပ်မှသာလျှင် ဝိုင်ဖိုင်အဆင်ပြေနိုင်မယ်ဆိုတဲ့ အကြံပြုချက်ရရှိတဲ့အတွက် ဖိုင်ဘာကေဘယ်တပ်ဖို့ ဦးစွာဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်က ခွင့်ပြုထားတဲ့ အသုံးစရိတ်နဲ့ အရှေ့ပိုင်းတက္ကသိုလ်မှာ ကေဘယ်တပ်ဆင်ခြင်းနဲ့ ဆာဗာတပ်ဆင်ခြင်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်က ပြောသည်။

"ရုံးခန်းနဲ့ ပင်မအုပ်ချုပ်ရေးရုံးခန်းမှာဆိုရင် အင်တာနက် ကောင်းမွန်စွာရရှိပါပြီ။ ဒါပေမယ့် စာသင်ခန်းတွေနဲ့ နားနေခန်းတွေမှာ ဝိုင်ဖိုင်လွှင့်ပေးနိုင်ဖို့ ဆရာတို့ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအတွက်ကိုလည်း ဘတ်ဂျက်ကို စနစ်တကျတွက်ချက်ပြီး နိုင်ငံတော်ကနေ တောင်းခံသွားမယ်လို့ စီစဉ်ထားပါတယ်။ ဆာဗာထိုင်ထားပြီးဖြစ်တဲ့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေက ကမ်းလှမ်းတဲ့ e-Library ကိုလည်း Install လုပ်ထားပါတယ်။ နိုင်ငံတကာ e-Library အဖွဲ့အစည်းဖြစ်တဲ့ Electronic Information for Libraries(EIFL) ကနေ e-Library ကို အသုံးပြုဖို့အတွက် Package တစ်ခု ထည့်သွင်းပေးထားပါတယ်။ ဒါကိုအသုံးပြုဖို့အတွက် သက်ဆိုင်ရာဌာနက ဆရာ ဆရာမတွေ၊ ကျောင်းသူ ကျောင်းသားတွေကို EIFL ကနေ သင်တန်းပေးမယ်လို့ ကမ်းလှမ်းထားပါတယ်။ EIFL နဲ့ သင်တန်းတွေလုပ်ပြီးပြီဆိုရင် ကျောင်းသူကျောင်းသားတွေက ဒီ e-library ကနေ Information Resource တွေကို သူတို့ လက်ကိုင်ဖုန်းတွေ၊ သူတို့ကွန်ပျူတာတွေကနေ အလွယ်တကူ Download လုပ်ပြီးအသုံးပြုနိုင်မယ့် အခြေအနေရှိပါတယ်။ တက္ကသိုလ်နယ်မြေကြီးတစ်ဝန်းလုံးကို လွှမ်းခြုံနိုင်တဲ့ WiFi Access ရရှိဖို့ နိုင်ငံတော်ကနေ ဘဏ္ဍာငွေရရှိတဲ့အခါ အချိန်နဲ့ တစ်ပြေးညီဆောင်ရွက်မယ့် အစီအစဉ်များရှိပါတယ်"ဟု ပါမောက္ခချုပ်က ဆက်လက်ပြောကြားသည်။

အရှေ့ပိုင်းတက္ကသိုလ်၏ ဝက်ဘ်ဆိုက်တစ်ခုကိုလည်း တည်ထောင်လျက်ရှိကာ အကြမ်းထည်ပြီးနေပြီဖြစ်ကြောင်း သိရသည်။ "သက်ဆိုင်ရာဌာနတွေကနေ မိမိတို့ရဲ့ သတင်းအချက်အလက်တွေကို လာရောက်ထည့်သွင်းရမှာ ဖြစ်ပါတယ်။ တက္ကသိုလ်ရဲ့ Home Page ကို ပုံမှန် Update လုပ်နိုင်ဖို့လည်း စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျောင်းသူ ကျောင်းသားများဟာ မိမိတို့ လက်ကိုင်ဖုန်းက နေပြီးတော့ Home Page ကနေ အချိန်ဇယားတွေနဲ့ စာသင်အချိန်ဇယားတွေ ကြည့်ရှုနိုင်ရေးအထိမျှော်မှန်းထားပါတယ်"ဟုလည်း ပါမောက္ခချုပ်က ဆက်ပြောသည်။

အကျယ်အဝန်း ၁၅၈ ဒသမ ၁ ဧက ရှိသည့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ကို ၂၀၀၀ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး လေးထပ်စာသင်ဆောင်လေးဆောင်နှင့် ကျောင်းသားနှင့်ကျောင်းသူဆောင် တစ်ဆောင်စီရှိကာ ဘာသာရပ်ပေါင်း ၁၉ ခုမှ နေ့ကျောင်းသား ၁၂၀၀ ခန့်နှင့် အဝေးသင်ကျောင်းသား ၂၄၀၀ ခန့်ကို နှစ်စဉ်မွေးထုတ် ပေးလျက်ရှိသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန၏ မူလခွင့်ပြုရန်ပုံငွေမှာ ကျပ် ၁၉၆၅၅၄ ဒသမ ၀၅၆ သန်း ဖြစ်ပြီး အဆင့်မြင့်ပညာဦးစီးဌာနအောက်တွင် တက္ကသိုလ် ကောလိပ်ပေါင်း ၄၇ ကျောင်းရှိကြောင်း သိရသည်။ **(ပညာရေး)**

ရထားစက်ခေါင်းသစ် ၃၁ ခု ထပ်မံဖြည့်တင်းမည်

ရန်ကုန် ဇွန် ၂၆

ရထားစီးခရီးသည်များ သွားလာရေးလွယ်ကူချောမွေ့စေရန်အတွက် မီးရထားစက်ခေါင်းသစ် ၃၁ ခုကို ယခုဘဏ္ဍာနှစ်အတွင်း ဝယ်ယူဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ဒီနှစ်ထဲမှာ စက်ခေါင်းတွဲ ၃၁ လုံး ဝယ်ယူဖြည့်တင်းသွားဖို့ ရှိပါတယ်။ စက်ခေါင်းတွေကိုတော့ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့ကနေ ဝယ်ယူသွားမှာပါ။ တရုတ်နိုင်ငံကနေ မှာယူထားတဲ့ စက်ခေါင်းတွဲတွေအနက် ၁၁ လုံးကတော့ အောက်တိုဘာလအတွင်း ရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်" ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် မြို့ပတ်ရထား တစ်စင်း

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူစေရေးအတွက် မီးရထားစက်ခေါင်းသစ်များ ဖြည့်တင်းခြင်းအပြင် တွဲဆိုင်းများ ပြုပြင်ခြင်းနှင့် အစားထိုးလဲလှယ်ခြင်း၊ မီးရထားလမ်းများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ရထားလမ်းအရှည် မိုင်ပေါင်း ၄၇၅၀ ခန့်ရှိကာ လူစီးရထား၊ ကုန်တွဲရထား၊ သစ်တင်ရထား၊ ကျောက်တွဲရထား စသည်ဖြင့် ရထားစီးရေ ၃၀၀ ကျော်ဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် လူဦးရေ ခုနစ်သန်းခန့် နေထိုင်သည့် ရန်ကုန်မြို့တွင် မြို့တွင်းခရီးသွားလာမှု ချောမွေ့စေရန်အတွက် မြို့ပတ်ရထားများကို အဆင့်မြှင့်တင်လျက်ရှိရာ ရထားတွဲများ ပိုမိုသပ်ရပ်ကောင်းမွန်လာသည့်အပြင် အဲယားကွန်းပါ RBE ရထားတွဲသစ်များကိုပါ တိုးချဲ့ပြေးဆွဲလျက်ရှိသည်။ မြို့ပတ်ရထား လမ်းတစ်လျှောက် ဘူတာများ အဆင့်မြှင့်တင်ခြင်းနှင့် သန့်ရှင်းလှပရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပေါ်ပေါက်လာပြီးနောက် ရန်ကုန်မှ မန္တလေးသို့ သွားသူများအနေဖြင့် အချိန်ကုန်နှင့် လုပ်ငန်းသက်သာသည့် အဝေးပြေးခရီးသည်တင်ဘတ်စ်ကားများကို အဓိကထား၍ အသုံးပြုလာကြရာ မြန်မာ့မီးရထားအနေဖြင့် အမြန်နှုန်း ပိုမိုခုတ်မောင်းနိုင်သည့် စက်ခေါင်းတွဲသစ်များ တပ်ဆင်၍ ရထားစီးချိန်ကို လျှော့ချနိုင်ရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

သတင်း-မောင်နွေသစ်၊ဓာတ်ပုံ-သက္ကရန်ကုန်မြို့ရှိ Vantage Tower အကောင်းဆုံး ပိသုကာဒီဇိုင်းဆုရရှိ

ရန်ကုန် ဇွန် ၂၆

အာရှအိမ်ခြံမြေဆိုင်ရာ မီဒီယာလုပ်ငန်းတစ်ခုဖြစ်သည့် Ensign Media က ကျင်းပသည့် မြန်မာ့အိမ်ခြံမြေဆုပေးပွဲတွင် ပြည်လမ်းမပေါ်ရှိ Vantage Tower က Best Architectural Design အပါအဝင်ဆုသုံးခုကို ရရှိခဲ့ကြောင်း သိရသည်။

အကောင်းဆုံးဗိသုကာဒီဇိုင်းဆုအပြင် Best Office Development ဆုနှင့် Best Commercial Development ဆုများကို ရရှိခဲ့ခြင်းဖြစ်သည်။ အထပ် ၁၂ ထပ်ပါရှိသည့် Vantage Tower တွင် အဆင့်မြင့် အခန်းများ၊ စားသောက်ဆိုင်များ၊ အစည်းအဝေးခန်းများနှင့် မြန်မာနိုင်ငံ၏ ပထမဆုံးသော Tier III သတင်းအချက်အလက်စင်တာလည်း ပါဝင်ကြောင်း သိရသည်။ **ဝေယံဦး**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)၏ အောက်ဖော်ပြပါ သင်ကြားရေးအထောက်အကူပြုစက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

စဉ် ပစ္စည်းအမျိုးအမည်

1. ရေသန့်စက်(RO 400GPD) (Reverse Osmosis Drinking Water System)
   Capacity: 400 GPD
   1000 1it Tank(2)
   1st Filter 20", 5M Filter
   2nd Filter 20", Active Carbon
   3rd Filter 20", 1M Filter
   4th Filter RO(100GPD) Membranex 4 nos
   5th Filter Taste and odor removal
2. Crimping Tools
3. Desktop Computer Dell(Memory 4GB, HDD 500 GB, Processor Intel Core i7)
4. Laptop (i7 DDR 3-4 GB)
5. UPS (Power Tree) (650 VA)
6. Digital White Board
7. Digital Oscilloscope (200MHz) (20.4 Analog Channel)
8. Computer Table (မလေးရှားကြိတ်သား)
9. Table(4' 2') (မလေးရှားကြိတ်သား)
10. မေးခွန်းလှည့်စက်
11. Server

အားဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ် (လှိုင်ကော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၈-၇-၂၀၁၅ ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၃-၂၂၁၆၈၊ ၂၂၁၀၆ တွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်း၀ယ်ယူရေးအဖွဲ့
ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)

CLAIMS DAY NOTICE
M.V MALACCA HIGHWAY VOY:NO(6)

Consignees of cargo carried by M.V MALACCA HIGHWAY VOY:NO(6) are here by notified that the vessel will arrive of about 29-6-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကိုအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အလက(၇) ဒုတိယတန်းမှ မဆုအိမ်စည်၏ဖခင်အမည်မှန်မှာ ဦးနေထွန်းလင်း ဖြစ်ပါသည်။

ဦးနေထွန်းလင်း ၉/စကတ(နိုင်)၀၆၅၅၅၀

အမည်မှန်

ဦးတင်ဦး၏သား နေပြည်တော်တပ်ကုန်း အထက(၂)မှ တက္ကသိုလ်၀င်တန်းအောင် မောင်နေလင်းဦး ၉/ဗဒသ(နိုင်)၀၀၈၄၄၈ ၏ အမည်မှန်မှာ မောင်နေလင်း ဖြစ်ပါကြောင်း။ **မောင်နေလင်း**

ဖခင်အမည်မှန်

မြောင်းမြမြို့၊ အထက(သိလ္လာ)ကျောင်းအဋ္ဌမတန်းမှ မောင်စသားဖန်း၏ ဖခင်အမည်မှန်မှာမှတ်ပုံတင်စာရင်းအရ မန်းစသိန်းလင်း ၁၄/မမန(နိုင်)၁၉၄၉၄၀ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/က+ခ)၊ မြေကွက်အမှတ် ၉၄၊ ဗဟိုလမ်းနှင့်မာလာမြိုင်(၇)လမ်းထောင့်တွင်ရှိသော (အလျား၂၅ပေ×အနံ၀၅၅၀) ဧရိယာ ၀ဒသမ၀၂၈ ဧကအကျယ်အ၀နံ်းရှိ နှစ်ဖ၀ဂရန်မြေကွက်နှင့်မြေကွက်အမှတ် (၉၅) တွင်ရှိသော (အလျား၂၅ပေ×အနံ၀၅၅၀)ဧရိယာ ၀ဒသမ၀၂၉ဧက အကျယ်အ၀နံ်းရှိသည့် နှစ်ဖ၀မြေငှားဂရန် မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ အနောက်ဘက်ခြမ်းဖြစ်သည့် ဦးခင်ဇော်ပိုင်ဆိုင်ခွင့်အစုဖြစ်သည့် အကျယ်အ၀နံ် (အလျား ၁၂½ပေ×အနံ၀၅၅၀) ၆၂၅ စတုရန်းပေရှိ မြေကွက်နှင့်ယင်းမြေကွက်(၁½)ကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အအုံအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုရောင်းချသူ ဦးခင်ဇော် ၇/ပခန(နိုင်)၁၈၈၇၄၄ မှ မိမိပိုင်ဆိုင်သည်ဟုပြောဆိုပြီးပိုင်ဆိုင်မှုအရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်းပြောဆိုပြီး ပြန်လည်ရောင်းချခြင်းဖြစ်သဖြင့် အဆိုပါမြေကွက်၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ကျွန်မ၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်၍စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားစာရွက်စာတမ်းများရင်း ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်မည်သူမရှိပါက အရောင်းအ၀ယ်ကို ပြီးမြောက်အောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ခေါ်ခင်ဥမ္မာ
တရားလွတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၀၂၉၅၆၆

မြို့နယ်သတင်းထောက်များသို့

ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်သို့ သတင်းများပေးပို့လျက်ရှိသည့် နယ်သတင်းထောက်များကို သတင်းထောက်အသိအမှတ်ပြုကတ်ပြားများ စီစစ်၍ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသဖြင့် မြို့နယ်အသီးသီးမှ သတင်းထောက်များသည် မိမိတို့လက်ဝယ်ရှိ သတင်းထောက်ကတ်ပြားဟောင်းများကို ပြန်လည်အပ်နှံကြရန်၊ သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာတို့ကို တစ်ပါတည်းပူးတွဲ၍ သတင်းထောက်လျှောက်လွှာများ ပြန်လည်ပေးပို့ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

(မြန်မာ့အလင်း)

ကံမမြို့နယ်တွင် မီးငြိမ်းသတ်ရေးယာဉ်ပေးအပ်ပွဲ ကျင်းပ

ကံမ ဇွန် ၂၆

သရက်ခရိုင် ကံမမြို့နယ် ကြို့ပင်ကျေးရွာ ဓမ္မာရုံ၌ ဇွန် ၂၄ ရက် နံနက် ၉ နာရီက မီးငြိမ်းသတ်ရေးယာဉ် ပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ အခမ်းအနားတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်လင်းအောင်နှင့်ဘဏ္ဍာရေးဝန်ကြီးဦးကြည်မင်းတို့က အမှာစကားပြောကြားခဲ့ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးဦးအောင်ဝင်းစိန်က ကြို့ပင်တိုက်နယ်နှင့် ရေနံ့သာတိုက်နယ်တို့အတွက် ဂါလန် ၈၀၀ ဆံ့ မီးငြိမ်းသတ်ရေးယာဉ်တစ်စီးစီနှင့် ဆက်စပ်စာရွက်စာတမ်းများ၊ မီးသတ်ဝတ်စုံများအား တာဝန်ရှိသူတို့ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဇေယျာဝင်း (iprd)

မန်းရွှေစက်တော် သာသနာ့ဗိမာန် တည်ဆောက်ရန်မြေသန့်မဂ်လာကျင်းပ

မင်းဘူး ဇွန် ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၏ သုံးထပ်ဗုဒ္ဓသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မည့်မြေနေရာအား အန္တရာယ်ကင်းပရိတ်တရားတော်နာ မြေသန့်မဂ်လာအခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က အဆောက်အအုံ ဆောက်လုပ်မည့် အထက်စက်တော်ရာ အတက်လမ်းနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားလမ်းဆုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာသော ဧည့်ပရိသတ်များက မကွေးမြို့ သံယာရာမကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုဝန်ဆောင် (အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တ စိန္တသာရထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆရာတော်၊ သံယာတော် အရှင်သူမြတ်တို့က အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖွားခြီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပသကာများမှ သုံးထပ် ဗုဒ္ဓသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မည့် ဥပစာမြေနေရာများ၌ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်အိုးများကို ယူဆောင်၍ ပက်ဖျန်းကြပြီး ဆရာတော် သံယာတော်များက မြေသန့်ကမ္ဘဝါများ ရွတ်ဖွားခြီးမြှင့်တော်မူကြောင်း သိရသည်။

တင်ထွန်းဦး(မင်းဘူး)

မြေအသစ်ဖို့ထားသော လမ်းတိုးချဲ့နေရာများတွင် သတိပြုရန်လို

ရေတာရှည် ဇွန် ၂၆

ကုန်စည်စီးဆင်းမှု အားကောင်းမှု မြင့်တက်လာသည်နှင့်အမျှ ရန်ကုန်-မန္တလေးကားလမ်းကို အသုံးပြုကာ မောင်းနှင်ကြသည့် ယာဉ်များ မှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလျက်ရှိရာ လမ်းပိုင်းတိုးချဲ့ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ရေတာရှည်မြို့နယ် ဆွာမြို့နှင့် ရေတာရှည်အကြား လမ်းချဲ့ထွင်ရန် ဂဝံမြေကြီးများ ခင်းကျင်းထားပြီး ယခုရက်ပိုင်း မိုးအဆက်မပြတ်ရွာသွန်းသည့်အခါ ညပိုင်းမောင်းနှင်သည့် ကုန်တင်ယာဉ်ကြီးများ လမ်းမချော်ရန် သတိပြု မောင်းနှင်နေရကာ ဇွန် ၂၄ ရက် နံနက် ၄ နာရီခန့်က ၁၂ ဘီး ကုန်တင်ယာဉ်ကြီးတစ်စီး ကားချင်းရှောင်တိမ်းရာက မြေကြီးအတွင်း ကျွံဝင်သွားသည်ကို မြင်တွေ့ခဲ့ရသည်။

ကိုလွင်(ဆွာ)

ဇီးကုန်းမြို့ ရေကန်ကြီးတိုးချဲ့တူးဖော်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

ဇီးကုန်း ဇွန် ၂၆

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ရန်ကုန်-ပြည်ကားလမ်းဘေးရှိ အလျား (၂၈၅ × ၃၀ × ၁၂)ပေရှိ မူလရေမြောင်းကြီးကို မေ ၁၅ ရက်မှစ၍ နတ်တလင်းမြို့ ဆည်မြောင်းဦးစီးဌာနကဦးစီး၍ မြေသားနံရံများ ကျောက်စီမွမ်းမံခြင်း၊ ထွန်းလင်းမြန်မာကုမ္ပဏီနှင့်တွဲဖက်၍ မြေသားတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဇွန် ၂၀ ရက်တွင် လုပ်ငန်း များ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ ရေဂါလန် လေးသိန်းကျော်ထိ သိုလှောင်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေကန်ကြီးသန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့မှ ရေကန်တစ်ဝိုက်ကို ကာရန်ခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် သစ်ပင်၊ ပန်းပင်စိုက်ပျိုးခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့နယ် မီးဘေးကာကွယ်ရေးအတွက်လည်း တိုးချဲ့ရေကန်ကြီးအား စီမံဆောင်ရွက်ထားရှိကြောင်း ရေကန်ကြီးသာယာလှပရေး အကောင်အထည်ဖော်ဆောင်ရွက်နေသော ဆည်မြောင်းဦးစီးအရာရှိ ဦးစဝ်ခွန်ဦးက ပြောသည်။

ဇီးကုန်းမြို့တွင် သောက်သုံးရေသုံးစွဲနိုင်သော မြေသားရေကန်ကြီး သုံးကန်ရှိရာ နိုင်ငံတော်မှ ၂၀၁၄ ခုနှစ်အတွင်း တိုးချဲ့တူးဖော်ပေးထားခဲ့ပြီး ယခုရေကန်မှာ စတုတ္ထမြောက်ရေကန်ဖြစ်ကြောင်း သိရသည်။

ကိုသက်(ဇီးကုန်း)

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်၊ လက်သမားသင်တန်း ဟိုပန်၌ ဖွင့်လှစ်

ဟိုပန် ဇွန် ၂၆

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဦးစီးဖွင့်လှစ်သည့် လက်သမား၊ ပန်းရန် သင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲကို ဇွန် ၂၂ ရက်က ဟိုပန်မြို့မြို့မ မန်ကောင်းကျောင်းတိုက်၌ ကျင်းပရာ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျာဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက သင်တန်းဖွင့်လှစ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ပန်းဘဲတန်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလှုပ်ရှားမှုအနေဖြင့် ဌာနဆိုင်ရာများနှင့် NGO အဖွဲ့ဝင်များ ပူးပေါင်း၍ ဇွန်လတတိယပတ်က မြို့နယ်လုံးကျွတ်ခြင်ဆေးမှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့် ပြည်သူများရပ်ကွက်များအလိုက် လှုပ်ရှားဆောင်ရွက်စဉ်။ မီးမီး(လှိုင်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများ ကွင်းဆင်းကြည့်ရှု

ရွာင် ဇွန် ၂၆ - ရွာင်မြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရွာင်-ပြဒါးလင်းဂူ မြေသားလမ်း ၈ါးမိုင်ဖောက် လုပ်ခြင်းနှင့် ထမင်းပေါင်း-တပ်ကုန်းမြေသားလမ်း ခုနစ်မိုင် လေးဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသိန်းနှင့်အဖွဲ့သည် ဇွန် ၂၃ ရက်က ရွာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်နှင့်အတူ ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါမြေသားလမ်းနှစ်ခုသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၃၉ ဒသမ ၆၅၅ သန်းဖြင့် ဖောက်လုပ်ခဲ့သောလမ်းများ ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ရွာင်)

မြိတ်ဒေသရှိ ကျွန်းများသို့ ညအိပ်လည်ပတ်ခွင့်မပြုသေး၍ နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားမှုလျော့နည်း

မြိတ် ဇွန် ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ ကျွန်းများသို့ နိုင်ငံခြားခရီးသွားများကို ညအိပ်လည်ပတ်ခွင့်မပြုသေးသည့်အတွက် မြိတ်သို့ လာရောက်လည်ပတ်ရန် စိတ်ဝင်စားမှုနှင့်လာရောက်မှု နည်းပါးလာကြောင်း ခရီးသွားလုပ်ငန်းမှ သိရသည်။

မြိတ်သို့ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များလာရောက်လည်ပတ်မှုများပြားခဲ့သော်လည်း ဧည့်သည်အများစုသည် သဘာဝအလှအပများ၊ သန္တာကျောက်တန်းများနှင့် ဒီရေတောများ တည်ရှိရာ ကျွန်းများကို သွားရောက်လေ့လာကြည့်ရှုလည်ပတ်ရန်သာ အဓိကစိတ်ဝင်စားကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

ယင်းကျွန်းများတွင် ညအိပ် လည်ပတ်လေ့လာခွင့်မရသေးသည့်အတွက် မြို့ပေါ် နှင့်အနီးဝန်းကျင်များတွင်သာ လည်ပတ်နေရသောကြောင့် စိတ်ဝင်စားမှုနည်းပါးလာရခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်အများစုမှာ မြိတ်ဒေသတွင်ရှိသော သဘာဝအရ ပေါက်ရောက်နေသည့် ဒီရေတောများ သန္တာကျောက်တန်းများ ကျွန်းများနှင့်ကျွန်းစုများပေါ်တွင်ရှိသော ပင်လယ်ပိုင်းရွာများ၏ နေထိုင်မှုပုံစံများကို စိတ်ဝင်စားမှုရှိကြောင်း ဒေသခံတစ်ဦး၏ပြောကြားချက်အရ သိရသည်။

ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များကို ယခုအခါ မြိတ်မြို့ပေါ် နှင့်ကျွန်းစုမြို့ပေါ် အနီးဝန်းကျင်နေရာများသို့သာ နေ့ချင်းပြန်သွားရောက်လည်ပတ်ခွင့်ရရှိနေပြီး ညအိပ်ခရီးသွားခွင့်မပြုသေးသောကြောင့် ခရီးသွားလုပ်ငန်းသည်ဖွံ့ဖြိုးမှုအားနည်းနေရခြင်းဖြစ်ကြောင်း ကျွန်းစုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မြင့်ဦး(မြိတ်)

ဂန့်ဂေါမြို့ပေါ် ရပ်ကွက်များတွင် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်

ဂန့်ဂေါ ဇွန် ၂၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့၏ မြို့ပေါ် ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား ဗို့အားပြည့်မီစွာ ဖြန့်ဖြူးနိုင်ရေးအတွက် ထရန်စဖော်မာများ အဆင့်ဆင့် တိုးချဲ့တပ်ဆင်အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါမြို့တွင် 66/11 KV, 2 MVA ဂန့်ဂေါဓာတ်အားခွဲရုံကို တည်ဆောက်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ ရက် ညမှစတင်၍ ဂန့်ဂေါမြို့ပေါ် ရပ်ကွက် လေးခုတွင် လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးခဲ့သည်။ ဂန့်ဂေါမြို့ပေါ် ရပ်ကွက်များကို လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးရာတွင် ကျောတိုက်ရပ်ကွက်တွင် 200 KVA ထရန်စဖော်မာတစ်လုံး၊ တောင်ကုန်းရပ်ကွက်တွင် 315 KVA ထရန်စဖော်မာတစ်လုံး၊ စည်ပင်သာယာရပ်ကွက်တွင် 200 KVA ထရန်စဖော်မာတစ်လုံး၊ မြောက်ကုန်းရပ်ကွက်တွင် 200 KVA ထရန်စဖော်မာတစ်လုံးနှင့် လျှပ်စစ်ရုံးဝင်းတွင် 315 KVA ထရန်စဖော်မာတစ်လုံး စုစုပေါင်း ထရန်စဖော်မာငါးလုံး ကနဦး တပ်ဆင်တည်ဆောက်လျက် ဖြန့်ဖြူးခဲ့သည်။

ယင်းနောက် မကြာမီကာလတွင်မြောက်ကုန်းနှင့် စည်ပင်သာယာရပ်ကွက်များတွင် 200 KVA ထရန်စဖော်မာတစ်လုံးစီထပ်မံတိုးချဲ့တပ်ဆင်၍ လည်းကောင်း၊ ကျောတိုက်ရပ်ကွက်တွင် 315 KVA ထရန်စဖော်မာတစ်လုံးထပ်မံတိုးချဲ့တပ်ဆင်၍လည်းကောင်း စုစုပေါင်းထရန်စဖော်မာရှစ်လုံးတိုးဖြင့် ဂန့်ဂေါမြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကို အဆင့်မြှင့်တင်ခဲ့သည်။

ယခုအခါ ကျောတိုက်ရပ်ကွက်ရှိ 200 KVA ထရန်စဖော်မာနေရာတွင် 315 KVA ထရန်စဖော်မာတစ်လုံးကို အစားထိုးအဆင့်မြှင့်တင် တပ်ဆင်တည်ဆောက်ရေးလုပ်ငန်းပြီးစီးပြီဖြစ်ပြီး အဆိုပါကျောတိုက်ရပ်ကွက်မှ ဖြုတ်သိမ်းခဲ့သော 200 KVA ထရန်စဖော်မာကို မြောက်ကုန်းရပ်ကွက်အတွင်းရှိ သာသနာ့ဝိဟာန်တော်အနီးတွင် ပြောင်းလဲတပ်ဆင်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ မြောက်ကုန်းရပ်ကွက်တွင် 200 KVA ထရန်စဖော်မာသုံးလုံး၊ စည်ပင်သာယာရပ်ကွက်တွင် 200 KVA ထရန်စဖော်မာနှစ်လုံး၊ တောင်ကုန်းရပ်ကွက်တွင် 315 KVA ထရန်စဖော်မာတစ်လုံး၊ ကျောတိုက် ရပ်ကွက်တွင် 315 KVA ထရန်စဖော်မာနှစ်လုံးနှင့် လျှပ်စစ်ရုံးဝင်းတွင် 315 KVA ထရန်စဖော်မာတစ်လုံး စုစုပေါင်း ဂန့်ဂေါမြို့ပေါ် ရပ်ကွက်များတွင် ထရန်စဖော်မာကိုးလုံးရှိပြီဖြစ်သည်။ ယခုအခါ 66/11 KV,2 MVA ဂန့်ဂေါ ဓာတ်အားခွဲရုံကို 66/11 KV, 5 MVA ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပြီးဖြစ်၍ ဂန့်ဂေါမြို့ပေါ် ရပ်ကွက်များကို ဗို့အားပြည့်မီစွာဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအသိပညာပေး

ခင်ဦး ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဇွန် ၂၃ ရက်က အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့ပေါ်ရပ်ကွက် စာသင် ကျောင်းငါး ကျောင်း၊ မြို့မဈေးတို့တွင် သွားရောက်၍ ခြင်းဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

မိုးရာသီကာလသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများသော ရာသီဖြစ်ရာ ကလေးများသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လွတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဌေမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

ပဲခူး

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ဘေးအန္တရာယ်ကင်းသော အစားအစာများ အကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီက ပဲခူးမြို့ အထက (၆) ကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုး၊ တိုင်းဒေသကြီးခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

သန့်စင်(ပဲခူး)

မိုးရာသီရေလျှံ၊ ရေမြုပ်တတ်သော ချောင်းအနီး ပြည်သူများနှင့်ပူးပေါင်း၍ ကွန်ကရစ်ရေနုတ်မြောင်း ဖောက်လုပ်

နမ့်ခမ်း ဇွန် ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့လယ်ရှိ နမ့်ခမ်းဖောင်ချောင်းအနီးရှိ အမှတ် (၇) ရပ်ကွက် (ပေါက်တင်မရပ်) ၌နေထိုင်ကြသော အိမ်များသည် နှစ်စဉ် မိုးရာသီကာလ၌ မိုးအဆက်မပြတ်ရွာသွန်းသည့်ရက်များ၊ မိုးသည်းထန်သည့်ရက်များတွင် ချောင်းရေလျှံခြင်း၊ လမ်းရေကျော်ဖုံးလွှမ်းခြင်းများဖြစ်ကာ လူနေအိမ်များအတွင်း ရေဝင်လျက်ရှိသည်။

ရပ်ကွက်နေပြည်သူများအနေဖြင့် နှစ်စဉ် ဤကဲ့သို့ အခက်အခဲကြုံတွေ့ရမှုကြောင့် ရေကြီးရေလျှံမှုများမဖြစ်စေရန် နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူများပူးပေါင်း၍ အမှတ် (၇) ရပ်ကွက် (ပေါက်တင်မရပ်) ပြည်ထောင်စုလမ်းမ နမ့်ခမ်းဖောင်တံတားအနီး လမ်းဘေးဝဲယာများ၌ အရှည်ပေ ၇၀၀ရှိ ကွန်ကရစ် ရေနုတ်မြောင်းကို ငွေကျပ် ၁၁၃ သိန်း အကုန်အကျခံ၍ ဖောက်လုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

မန္တလေးမြို့တွင် ဆောက်လုပ်ဆဲ အဆောက်အအုံမှ ငြမ်းပြိုကျမှုကြောင့် သံငြမ်းအသုံးပြုသည့်နည်းပညာ လိုအပ်လာဟုဆို

မန္တလေး ဇွန် ၂၆

မန္တလေးမြို့တွင် ဇွန် ၂၀ ရက်ကဖြစ်ပွားခဲ့သည့် Pullman Hotel တည်ဆောက်ရေးစီမံကိန်းမှ ဆောက်လုပ်ဆဲအဆောက်အအုံတွင် ကွန်ကရစ်လောင်းစဉ် သံပိုက်ငြမ်းများ ပြိုကျမှုကြောင့် ငြမ်းဆင်ခြင်းနှင့် ပတ်သက်ပြီး အင်ဂျင်နီယာဒီဇိုင်းများ လိုအပ်လာပြီဖြစ်ကြောင်း အင်ဂျင်နီယာပညာရှင်ကိုဇင်မင်းဆွေကပြောသည်။

"ဆောက်လုပ်ရေး လုပ်ငန်းရဲ့ ငြမ်းဆင်တဲ့ကိစ္စမှာပေါ့လို့ မရတော့ဘူးဆိုတာ တပ်လှန့်လိုက်သလိုပါပဲ။ သစ်သားငြမ်းဟာ မိရိုးဖလာဖြစ်ပြီး ဘာမှ မဖြစ်ခဲ့ပေမယ့် သံငြမ်းမှာ ပြဿနာနည်းနည်း ရှိနေတာ လက်တွေ့သိလိုက်ရပါပြီ။ အဲဒီအတွက် နည်းပညာပိုင်းဆိုင်ရာ ယူရပါလိမ့်မယ်"ဟု ၄င်းက ပြောသည်။

အဆိုပါ အဆောက်အအုံ စလစ်ပြင်လောင်းရာတွင် ငြမ်းထောက်တိုင်အဖြစ် သံပိုက်များကို အသုံးပြုခြင်းဖြစ်ပြီး စလစ်ပြင်ထုထည်အလေးချိန်ကို ခံနိုင်ရည်မရှိဘဲ ကွေးညွှတ်ကာ ပြိုကျခဲ့သည်ဟု လက်သမားဆရာကိုဇော်လင်းက ပြောသည်။

"ပိုက်ငြမ်းအဆက်တွေမှာ လုပ်တုန်းက ကျန်ခဲ့တာလား။ ပြုတ်သွားတာလား၊ ပိုက်အရွယ်အစားသေးတဲ့အခါ အပေါ်ကအလေးချိန်ကြောင့် ဘေးကို ခုံးသွားပြီး အလယ်အဆက်နေရာက ပြုတ်သွားတာလား၊ အဲဒါတွေက ဖြစ်နိုင်ခြေပေါ့။ ဘယ်ကဖြစ်သလဲဆိုတာ မြင်ရုံနဲ့ အတိအကျ မပြောနိုင်သေးပါဘူး" ဟု Structure Design အင်ဂျင်နီယာဦးတင့်လွင်က ပြောသည်။

ငြမ်းပြိုကျခဲ့သည့် ဖြစ်စဉ်တွင် ငြမ်းဆောက်ခဲ့သည့် နည်းလမ်း (Process) များကို အသေးစိတ်လေ့လာစုံစမ်းသွားရမည် ဖြစ်ကြောင်း၊ ထပ်မံမဖြစ်ပွားစေရန်သက်ဆိုင်ရာ အာဏာပိုင်များဘက်က ကြပ်မတ်ကွပ်ကဲပေးသင့်ကြောင်း တာဝန်ရှိသူ တစ်ဦးက သုံးသပ်ခဲ့သည်။ **အောင်သန့်ခိုင်**

ပြင်ဦးလွင်မြို့နယ်၌ မဲဆန္ဒရှင်စာရင်း ထပ်မံလျှောက်ထားသူ ၈၁ဦးထောင်ကျော်ရှိ

ပြင်ဦးလွင် ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းမှ မဲပေးပိုင်ခွင့်ရှိသည့် အခြေခံမဲဆန္ဒရှင်စာရင်းကို ဇွန် ၈ ရက်တွင် စတင်ကြေညာခဲ့ပြီးနောက် ဇွန် ၂၃ ရက်အထိ ထပ်မံလျှောက်ထားသူ ၈၁ဦးထောင်ကျော်ရှိကြောင်း သိရသည်။

ဇွန် ၈ ရက်က ထုတ်ပြန်ကြေညာခဲ့သည့်စာရင်းအရ ပြင်ဦးလွင်မြို့နယ်အတွင်း မဲပေးခွင့်ရှိသူဦးရေ ၁၀၅၀၃၇ ရှိကြောင်းနှင့် မဲဆန္ဒရှင်စာရင်းတွင် မပါဝင်သဖြင့် ပုံစံ(၃-က)ဖြင့် ထပ်မံလျှောက်ထားသူဦးရေမှာ ၅၀၆၁ ဦး ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာဖြေရှင်းရေးကော်မတီဖွဲ့စည်းရေးအစည်းအဝေးမှ သိရသည်။

ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခွဲ ဇွန် ၂၃ ရက်တွင် ကျင်းပခဲ့သည့် ပြင်ဦးလွင်မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ ဖြေရှင်းရေးကော်မတီဖွဲ့စည်းရေးအစည်းအဝေးသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာ ညှိနှိုင်းဖြေရှင်းရေးကော်မတီများ ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးသို့ တက်ရောက်သော နိုင်ငံရေးပါတီများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

သက်နိုင်(ပြင်ဦးလွင်)

လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်မှု လက်တွေ့သရုပ်ပြသ

ဘားအံ ဇွန် ၂၆

ကရင်ပြည်နယ်အတွင်း လက်မှုလယ်ယာမှစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ပြည်နယ်သမဝါယမဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးလျက်ရှိသော လယ်ယာသုံးစက်ကိရိယာများ လက်တွေ့ကိုင်တွယ်မောင်းနှင်မှုကို ဘားအံမြို့ တရုတ်လှစ်ပြကျေးရွာ၌ ဇွန် ၂၂ ရက်က သရုပ်ပြခဲ့သည်။

လယ်ယာသုံးစက်ကိရိယာများ လက်တွေ့ကိုင်တွယ် မောင်းနှင်မှုသရုပ်ပြပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီလီမိတက်မှ Mr. Ham က လယ်ယာသုံးစက်ကိရိယာများ၏ အသုံးပြုပုံနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဘားအံမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ အသင်းသားများ၊ လယ်ယာသုံးစက်ပစ္စည်းများ ဝယ်ယူလိုသူများနှင့် တောင်သူလယ်သမားများက လယ်ယာသုံးထွန်စက်များ၊ လက်တွန်းထွန်စက်များဖြင့် လယ်ယာမြေများအတွင်း လက်တွေ့ထွန်ယက်ပြသမှုကို လေ့လာကြည့်ရှုခဲ့ကြသည်။

နေမျိုးလွင်(ပြန်/ဆက်)

အမှတ်(၂)ဆင်ဆာချောင်း တံတားသစ်တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

ပေါက် ဇွန် ၂၆

မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်တံခွန်တိုးချဲ့ရပ်ကွက် ဘုရင့်နောင်လမ်းမပေါ်ရှိ ဆင်ဆာချောင်းတံတားသစ်ကို မတ်လဆန်းက စတင်တည်ဆောက်ခဲ့ရာ ဇွန် ၂၄ ရက်တွင် ရာနှုန်းပြည့်ပြီးစီးခဲ့ပြီး ဒေသခံပြည်သူများ စတင်အသုံးပြု ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အမှတ်(၂)ဆင်ဆာချောင်းတံတားသည် အရှည်ပေ ၉၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ ပေ စီရှိပြီး လမ်းကင်းလွတ်အမြင့် ၁၀ ပေ ၆ လက်မရှိ သံကူကွန်ကရစ်တံတားဖြစ်သည်။ တံတား မတည်ဆောက်မီက မိုးတွင်းချောင်းရေကျချိန်တွင် ချောင်းရေသည် တစ်ဟုန်ထိုးစီးဆင်းပြီး အမြင့် ၇ ပေ၊ ၈ ပေခန့်အထိ ရေတက်သဖြင့် ဒေသခံပြည်သူများနှင့် ယာဉ်အမျိုးမျိုးဖြတ်သန်းသွားလာရန် အခက်အခဲများကြုံတွေ့ခဲ့ရသဖြင့် တံတားသစ်ကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ထောက်ပံ့ငွေဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥာဏ်တိုး(ပေါက်)

အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်

ကျောက်ပန်းတောင်း ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ အနော်ရထာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် ဇွန် ၂၄ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ နယ်မြေခံတပ်နယ်မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကျော်စိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်လင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး ဒုတိယမြို့နယ်ပညာရေးမှူးက ယခုလိုကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်းအားဖြင့် ဒေသခံကျောင်းသားကျောင်းသူများအနေဖြင့် အချိန်ကုန်သက်သာစွာဖြင့် ပညာသင်ကြားနိုင်မည်ဖြစ်သလို ကျောင်းသားမိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများကို ရင်အုပ်မကွာပညာဆည်းပူးစေနိုင်မည်ဖြစ်ကာ ငွေကုန်ကြေးကျလည်း သက်သာစေမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ စာရွက်စာတမ်းများကို ဒုတိယမြို့နယ်ပညာရေးမှူးက ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင်ထံပေးအပ်သည်။

အနော်ရထာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သော ချောင်းဖျားရွာ၊ သံဘိုအလယ်ရွာ၊ သံဘိုအနောက်ရွာနှင့် ညောင်ကန်ရွာများမှ ကျောင်းသားကျောင်းသူများ တက်ရောက်သင်ကြားလျက်ရှိကာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဌမတန်းအထိ ကျောင်းသားကျောင်းသူ ၂၈၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ ယခုအခါ မိမိတို့ဒေသ၌ပင် အခြေခံပညာအထက်တန်းအဆင့်ပြီးဆုံးအောင် သင်ကြားနိုင်တော့မည်ဖြစ်၍ ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် များစွာအဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

နေအောင်(iprd)

မြင်းမူမြို့နယ်ပညာရေးဌာနသို့ အလျှုရှင်များက ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

မြင်းမူ ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် စံတင်ကင်း(မ)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အလျှုရှင်ဆရာတော် ဘဒ္ဒန္တသုမနနှင့် ဒေါ်စန်းညိုမောင်နှမတစ်စုတို့က ဆောက်လုပ်လျှုဒါန်းသည့် ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးဌာနသို့ ဇွန် ၂၃ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အမှာစကားပြောကြားကြပြီး အလျှုရှင်ဒေါ်စန်းညိုက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်မြသိန်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် စံတင်ကင်း(မ)ကျေးရွာမှ အလျှုရှင် ဦးကျော်လွင်ဦး မိသားစုက ဗလာစာအုပ်၊ ဘောပင်နှင့် ခဲတံ ခြောက်ဒါဇင်စီကို ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ၄၀ ပေ၊ အနံ ၂၆ ပေ၊ အမြင့် ၁၃ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းအဆောက်အအုံဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျပ်သိန်း ၁၀၀ အကုန်ကျခံ ဆောက်လုပ်လျှုဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိုးခါး(iprd)

ခရစ်ကက်အားကစားနည်းဖွံ့ဖြိုးရေးအတွက် မတ္တရာ၌ လေ့ကျင့်သင်ကြားပေး

မတ္တရာ ဇွန် ၂၆

ဇွန် ၂၃ ရက်တွင်ကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ်မှကျင်းပသော ခရစ်ကတ်အားကစားပြိုင်ပွဲကို ဇွန် ၂၅ မှ ၂၈ ရက်အထိ မန္တလေးမြို့အောင်မြေသာစံမြို့နယ်အထက(၉)၌ ကျင်းပသွားမည်ဖြစ်ရာ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်များရှိ အထက်တန်းကျောင်းများမှ အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို နည်းစနစ်ကျပြိုင်ပွဲဝင်နိုင်ရန်အတွက် မတ္တရာမြို့နယ်အားကစားနှင့်ကာယပညာဦးစီးမှူးကကြီးကြပ်၍ ခရစ်ကတ်အားကစား နည်းပြနှင့် ကာယနည်းပြဆရာမများက အထက(ခွဲ)မြို့သစ်မှ ကျောင်းသား ကျောင်းသူများအား မြို့နယ်အားကစားကွင်း၌ လေ့ကျင့်သင်ကြားပေးလျက်ရှိကာ အားကစားသမားများကလည်း စိတ်အားထက်သန်စွာ လေ့ကျင့်နေသည်ကို တွေ့ရသည်။ အဆိုပါပြိုင်ပွဲသို့ မတ္တရာမြို့နယ်မှ အမျိုးသားနှင့် အမျိုးသမီး အသင်း တစ်သင်းစီ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်း

ခင်ဦး ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်းရှိ မြင်းဒေါင်း-မုံလှ-မူးဆုံ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ထောက်ပံ့မှုဖြင့် ဇွန် ၂၂ မှစ၍ ထပ်ပိုးကတ္တရာခင်းလျက် ရှိသည်။

မြင်းဒေါင်း-မုံလှ-မူးဆုံ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းကို ၂၀၀၉ ခုနှစ်တွင် အလျှုရှင်များက ခင်းကျင်းပေးထားရာ ယခုအချိန်တွင် ပျက်စီးယိုယွင်းလာသဖြင့် ပြန်လည်ပြုပြင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကတ္တရာ ၁၀ တန်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကတ္တရာထပ်ပိုးလွှာခင်းနေခြင်းဖြစ်ကြောင်း သိရသည်။ ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်လမ်းဦးစီးဌာနတို့က အလှည့်ကျကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းသည် အရှည် ၈ မိုင် ၃ ဖာလုံရှိရာ ကတ္တရာခင်းရန်အတွက် ယခင်ကလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ကတ္တရာများ ထောက်ပံ့ပေးခဲ့ပြီး ခြောက်မိုင်အထိခင်းကျင်းထားပြီးဖြစ်ကြောင်းနှင့် ယခုအခါ ကျန်ရှိနေသေးသောလမ်းပိုင်းကို ဆက်လက်ခင်းနိုင်ရန် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

သဘာဝဘေးကျရောက်စဉ် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇာတ်တိုက်လေ့ကျင့်

ဖျာပုံ ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်း သဘာဝဘေး အန္တရာယ်များကြုံတွေ့ပါက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ဇာတ်တိုက်လေ့ကျင့်မှုများကို ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေးဒရဲမြို့မှ ပြည်သူများပူးပေါင်း၍ ဇွန် ၂၅ ရက်က လေ့ကျင့်ခဲ့ကြသည်။

ဖျာပုံခရိုင်မီးသတ်ဦးစီးမှူးရုံးမှ ခရိုင်မီးသတ်အရာရှိ ဦးသန့်ဇင်မင်း၊ ဒေးဒရဲမြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးတင်ဌေး၊ ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ဒေးဒရဲမြို့နယ် ကျူးဘုတ်ချောင်းအတွင်း၌ရေမျောလာသူများကို ကယ်ဆယ်ခြင်း၊ အသက်ကယ်ဘောကွင်းနှင့် အသက်ကယ်ကြိုးများအသုံးပြု၍ကယ်ဆယ်ခြင်းတို့ကို လက်တွေ့လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။

"အသက်ကယ်ဘောကွင်းနဲ့ ဆယ်ယူတာကလည်း ဆယ်ယူနည်းရှိသလို အသက်ကယ်ကြိုးချည်နည်း၊ ဘောကွင်းကြိုးချည်နည်းတွေကလည်း သတ်မှတ်နည်းစနစ်အတိုင်း လက်တွေ့လေ့ကျင့်မှ အရေးကြုံလာရင် ပြည်သူတွေကို အမှန်တကယ် ကယ်ဆယ်နိုင်မှာပါ။ ကျွန်တော်တို့ ဒေးဒရဲမြို့နယ်က နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ဖူးတဲ့ မြို့နယ်ဖြစ်ပါတယ်။ ယခင်ကြုံတွေ့ခဲ့ရတဲ့ ဘေးအန္တရာယ်တွေကို သင်ခန်းစာယူပြီး အခုလိုလေ့ကျင့်နေတာပါ"ဟု ခရိုင်မီးသတ်ဦးစီးအရာရှိက ပြောသည်။

ဖျာပုံခရိုင် မြို့နယ်များဖြစ်သည့် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲမြို့နယ်များသည် ပင်လယ်ပြင်နှင့် အလွန်နီးကပ်သောနေရာများတွင်ရှိကာ ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နိုင်ချေရှိသောနေရာများ ဖြစ်သဖြင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့များဖြစ်သော မီးသတ်တပ်ဖွဲ့ဝင်များက ယခုကဲ့သို့ ဇာတ်တိုက်လေ့ကျင့်ခြင်းဖြင့် သဘာဝဘေးအမျိုးမျိုးကြုံတွေ့လာပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(ဖျာပုံ)

စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်းဖွင့်

ယင်းမာပင် ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ် ဘုတ်စုကျေးရွာအုပ်စု ငွေသာစိုက်ခင်းအတွင်း၌ စက်မှုလယ်ယာဝန်ဆောင်မှု ရှေ့တန်းစခန်းကို ဆားလင်းကြီးမြို့ အမှတ်(၂၂)စက်မှုလယ်ယာစခန်းက ဇွန် ၂၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ်အတွင်းရှိ တောင်သူများအား စက်မှုလယ်ယာဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရန်နှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရာတွင် တောင်သူများအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အမှတ်(၂၂)စက်မှုလယ်ယာဦးစီးဌာနဦးစီးဌာနမှူး ဦးဆန်းလင်းဦးဆောင်ပြီး စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများဖြင့် စက်မှုလယ်ယာဝန်ဆောင်မှု ရှေ့တန်းစခန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါရှေ့တန်းစခန်း ဖွင့်လှစ်ပေးမှုကြောင့် ဆားလင်းကြီးမြို့နယ်၊ ငွေသာစိုက်ကွင်း အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှတောင်သူများအနေဖြင့် နွေစပါး၊ မိုးစပါးများစိုက်ပျိုးရေးအတွက် အချိန်မီထွန်ယက်ရန် ထွန်စက်ကြီးများ၊ စိုက်ပျိုးပြီးစပါးများ ရိတ်သိမ်းရန် ရိတ်သိမ်းခြွေလှေ့စက်များ ကိုငှားရမ်းနိုင်မည်ဖြစ်ကြောင်း အမှတ်(၂၂)စက်မှုလယ်ယာဦးစီးဌာနမှူးက ရှေ့တန်းစခန်းဖွင့်ပွဲ၌ ပြောကြားခဲ့သည်။

ရှေ့တန်းစခန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးကျော်သောင်း၊ အမှတ်(၂၂)စက်မှုလယ်ယာစခန်းမှ ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ငွေသာစိုက်ကွင်းအနီး ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။

ဦးငယ်(ဆားလင်းကြီး)

23
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။
မဆလာ
(ဓာတ်သက်ရှူးအင်ဖြိုင်)
အမှတ်(၁၃၀)၊ ဝါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂ ၀၉၇၃၃၀၀၅၆၁၃ ၀၉၈၆၆၃၆၇၅ ၀၉၂၅၁၀၃၉၉၃၂၆

ဥယျာဉ်ခြံမြေ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ရန်ကုန်-ပြည် ကားလမ်းဘေး မိုင်တိုင် ၄၃ နှင့် ၄၄ ကြား၊ ဂုတ်ခြံပုံစံ(၇)ကျပြီး ဥယျာဉ်ခြံမြေ ၆ ဒသမ ၄၂ ဧက။
ရောင်းမည် တစ်ဧက ကျပ်သိန်း ၅၀၀။
ဖုန်း-၀၉-၇၉၉၅၀၁၁၂၈၊ ၀၉-၂၅၁၁၅၇၀၉

အချိန်မီအရောက်ပို့မယ်ဗျို့
ဝိုးရှားလို့ ခဲ့ရှုံးစိုးလည်း ဈေးပိုယ်ကာတော့ အိမ်အရောက်ပို့ဈေးမှာပါချို့
09 4333 4111 ☎ 01-682844
09 4333 4222 ☎ 01-682944
စီတီကောင်းကြည်လင် ဈေးပိုယ်ပေါ်ဆန်းဗျား

PUN HLAING SILOAM HOSPITALS
အရိုးအကြောနှင့် ကျီးပေါင်းရောဂါဝေဒနာရှင်များအတွက်သတင်းကောင်း
ဇူလိုင်လ (၂) ရက်နေ့မှ (၅) ရက်နေ့အထိ
အရိုးအကြောနှင့် ကျီးပေါင်းရောဂါဆိုင်ရာ စစ်ဆေးကုသမှုများအတွက် နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ.....
မလေးရှားနိုင်ငံမှ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော အထူးကုဆရာဝန်ကြီးမှ
- လည်ပင်းအရိုးကျီးပေါင်းဝေဒနာ၊ ခါးဆစ်ရိုးနာ၊ အကြောညပ်စသောကျောရိုးဆစ်ရောဂါများ (Minimally Invasive Spine Surgery)
- မှန်ပြောင်းဖြင့်အဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးကုသခြင်းများ (Total Hip and Knee Replacement) နှင့်
- အခြားအရိုးအကြောဆိုင်ရာကုသခြင်းများကို လာရောက်ဆွေးနွေးတိုင်ပင်ကုသပေးမည်ဖြစ်ပါသည်။
LIKE US ON facebook
Pun Hlaing Siloam Hospitals
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၂၅၅၊ ၆၈၄၃၂၃၆၆၊ (၀၉) ၄၂၁၀၄၂၆၇၉၉၊ (၀၉) ၂၅၄၉၉၅၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing-phsh@spa-mm.com

OXFORD MYANMAR MEDICAL COLLEGE
Education for ALL
'အဆင့်မြင့်ပညာရပ်ရွေးချယ်ခြင်း၊ ဝင်ခွင့်နှင့် ပညာရေးခရီး'
ဟောပြောမည့်သူများ -
ဒေါက်တာနေ - Patron - VUC
ဒေါက်တာသန်းစိန် - Principal - OMMC
ဒေါက်တာကျော်သီဟ - Program Leader - OMMC
ကျင်းပမည့် နေ့ - ၂၉-၆-၂၀၁၅
ကျင်းပမည့် အချိန် - မွန်းလွဲ (၁)နာရီမှ (၃)နာရီထိ
ကျင်းပမည့် နေရာ - ကုန်းဘောင်-တကောင်းခန်းမ (တတိယထပ်)
Sule Shangri-la Hotel၊ ရန်ကုန်မြို့။
တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား/ကျောင်းသူများ၊ ဆေးပညာသင်ယူလိုသူများ၊ MRCP၊ PLAB Test ဖြေမည့်သူများ၊ ပညာရေးကို စိတ်ပါဝင်စားသူများအားလုံး (အခမဲ့) တက်ရောက်နိုင်ပါသည်။
ကျောင်းသားရေးရာဌာန - အမှတ် (၃၅၁ - ၃၅၅) ဒုတိယထပ် သိမ်ဖြူလမ်း၊ (ဗိုလ်မင်းရောင်းသမ်းထောင့်)၊ ရန်ကုန်မြို့။
ဖုန်း - ၀၉- ၃၀၀၇၁၇၀၃ ၀၉ - ၂၅၄၃၅၅၄၂ ၀၉ - ၂၅၀၅၁ဝ၉ဝ၁၆
'ကြိုတင်စာရင်းသွင်းနိုင်ပါသည်။'

cosmobeauté
Myanmar 2015
Myanmar Hair Professionals' Association
(MHPA) အား အထူးကျေးဇူးတင်ရှိခြင်း
ရန်ကုန်မြို့၊ မင်းခမ္မလမ်းရှိ Myanmar Convention Center (MCC) ခန်းမတွင် ၂၀၁၅ ခု၊ ဇွန်လ (၁၁)ရက် မှ (၁၃)ရက်နေ့ အထိ ဒုတိယအကြိမ်မြောက် မြန်မာနှင့် နိုင်ငံတကာ အလှကုန်၊ ဆံပင်နှင့် Spa အလှကုန်ပစ္စည်းများ ရောင်းချမိတ်ဆက်ပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပါသည်။
ယင်းပွဲတွင် နာမည်ကျော်အတတ်ပညာရှင်များ၏ အထူး မိတ်ကပ်လိမ်းခြယ်ပြသခြင်း၊ လက်သည်းအလှဖန်တီးခြင်း၊ Spa များအား အဆင့်မြင့်တင်ပေးမည့် နည်းပညာများ ဖြန့်ဝေခြင်းများအပြင် ဗီယက်နမ်၊ ဂျာမဏီ၊ စင်္ကာပူ၊ ကိုရီးယား၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်နှင့် အိန္ဒိယစသည့် ပြည်ပနှင့် ပြည်တွင်းမှဆိုင်ပေါင်း ၅၀ ခန့် ပါဝင်ကာ အလှကုန်ပစ္စည်းများနှင့် အလှအပဆိုင်ရာ ဝန်ဆောင်မှုများကို ပြသပေးသွားခဲ့ပါသည်။
ယခုကဲ့သို့ Cosmobeauté Myanmar 2015 ပွဲကြီး စည်ကားသိုက်မြိုက်စေရန် မြန်မာနိုင်ငံ ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း Myanmar Hair Professionals' Association (MHPA)မှ အမှုဆောင်များနှင့် အတတ်ပညာရှင်များ၏ သရုပ်ပြတင်ဆက်မှုများ၊ နည်းပညာပေးဟောပြောမှုများနှင့် အတူ အသင်းသားများ အတူတကွ ပူးပေါင်းပါဝင်လာနိုင်စေရန် တာဝန်ယူဆောင်ရွက်ပေးခြင်းတို့အတွက် မြန်မာနိုင်ငံ ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း (MHPA) ကို အထူးကျေးဇူးတင်ရှိပါသည်။
ပွဲဖြစ်မြောက်ရေးကော်မတီ
Cosmobeauté Myanmar 2015

စိတ်လှုပ်ရှားစရာများနဲ့ ပြည့်နှက်နေတဲ့ ကိုပါအမေရိကဖလားပွဲ

ချီလီနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနေတဲ့ ၂၀၁၅ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲဟာ အခုဆိုရင် ကွာတားဖိုင်နယ် ကစားပြီး အကြိုဗိုလ်လုပွဲတွေအထိ ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ တောင်အမေရိက အသင်းတွေမှာ ကမ္ဘာကျော် ဘောလုံးသမားတွေ အများအပြားပါဝင်နေတာမို့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ ကိုပါအမေရိကဖလားပြိုင်ပွဲအပေါ် စိတ်ဝင်စားမှုမြင့်တက်နေပါတယ်။ ကွာတားဖိုင်နယ်အဆင့်ကို ဘရာဇီး၊ အာဂျင်တီးနား၊ ဥရုဂွေး၊ ပါရာဂွေး၊ ကိုလံဘီယာ စတဲ့ ထိပ်တန်းအသင်းတွေ မြေင်မြေင်ဆိုင်ဆိုင်တက်ရောက်ခဲ့ကြလို့ ပရိသတ်တွေ စိတ်ကျေနပ်စရာဖြစ်ခဲ့ရပါတယ်။ ကွာတားဖိုင်နယ်ပွဲကစားတဲ့အထိ ကိုပါအမေရိကဖလားပြိုင်ပွဲရဲ့ စိတ်ဝင်စားစရာအကြောင်းအချက်တွေလည်း ပြည့်နှက်နေတာမို့ မျှဝေဖော်ပြရမယ်ဆိုရင်-

